မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃စာ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၀၉၁)

အလျှုဒါနကို ဝမ်းမြောက်နိုင်၏

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသည့် Covishield ကာကွယ်ဆေး ဒုတိယအသုတ် ၆ ဒသမ ၇ သန်း doses ထပ်မံရောက်ရှိလာ

စုစုပေါင်း ကာကွယ်ဆေး ၁၃ ဒသမ ၄ သန်း doses ရောက်ရှိပြီးဖြစ်

အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသည့် Covishield အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် ၆ ဒသမ ၇ သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ဦးစားပေးအစီအစဉ်အလိုက် ကျေးလက်ဒေသများအထိ အားသွန်ခွန်စိုက် ကျယ်ပြန့်စွာ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ထိုးနှံပေးလျက်ရှိရာတွင် ကာကွယ်ဆေးများ ထပ်မံရောက်ရှိမှုအနေဖြင့် *စာမျက်နှာ ၅ ကော်လံ ၁* ❖

ကုန်စည်စီးဆင်းမှုမြန်ဆန်စေမည့် ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့ ဆက်သွယ်ထားသည့် သခွပ်မြစ်တံတားသစ် တည်ဆောက်မှုပြီးစီး

ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့ ဆက်သွယ်ထားသည့် သခွပ်မြစ်တံတားသစ် တည်ဆောက်မှုပြီးစီးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သုတ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်ချင်း ဆက်သွယ်ထားသော ဒလ-သခွပ်-လက်ခုပ်ကုန်း- ကညင်းကုန်း လမ်းမကြီးပေါ်ရှိ သခွပ်မြစ်တံတားသစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့-၃၊ တံတားအထူးအဖွဲ့(၁၁)မှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ လက်ရှိအချိန်တွင် သခွပ်မြစ်တံတားသစ်မှာ တည်ဆောက်မှုပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

ယနေ့ ဖတ်စရာ

ရုပ်ရှင်လောကသားများအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်း — ပြည်တွင်းသတင်း — စာ - ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း — ပြည်တွင်းသတင်း — စာ - ၅

ယီမင်နိုင်ငံ၌ အကြမ်းဖက်မှုများ မြင့်တက်လာခြင်းသည် အဆိုးဆုံး ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံတမန်ပြော — နိုင်ငံတကာသတင်း — စာ - ၁၃

မြန်မာ့အလင်း

ငြိမ်းချမ်းရေးကို တန်ဖိုးထား အကြမ်းဖက်မှုများကို တိုက်ဖျက်

လေးကေ့ကော်ဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည့် အပြစ်မဲ့ပြည်သူများ မိမိနိုင်ငံဘက်ရှိ မူလနေထိုင်ခဲ့ရာနေရပ်များဆီသို့ ပြန်လည်ဝင်ရောက်လျက်ရှိပြီဖြစ်သည်။ လေးကေ့ကော်အပါအဝင် ကရင်ပြည်နယ်ရှိ ဒေသများတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကြောင့် သေနတ်သံနှင့် ယမ်းခိုးယမ်းငွေ့တို့ ဆိတ်သုဉ်းပျောက်ကွယ်လျက် အေးချမ်းသာယာမှုများကို ဒေသခံပြည်သူတို့ လက်တွေ့ခံစားခဲ့ကြရသည်မှာ ကာလတစ်ရပ်ကြာခဲ့ပြီဖြစ်သည်။

ငြိမ်းချမ်းရေး၏ ပြယုဂ်တစ်ခုအဖြစ် တန်ဖိုးထားဂုဏ်ယူနေကြရသည့် လေးကေ့ကော်မြို့သစ်အနီး ပစ်ခတ်တိုက်ခိုက်မှုများနှင့် အနိဋ္ဌာရုံမြင်ကွင်းများ ထွက်ပေါ်လာရခြင်း၏ အကြောင်းရင်းမှာ ယင်းဒေသသို့ လာရောက်ခိုလှုံနေထိုင်ကြသည့် အကြမ်းဖက်သမားများက အဓိကလက်သည်တရားခံများပင်ဖြစ်သည်။ မြဝတီ၊ ရန်ကုန်နှင့် ၎င်းမြို့များကို ဆက်သွယ်ရာလမ်းကြောင်းတစ်လျှောက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လက်နက်ခဲယမ်းများနှင့် ဖော်ထုတ်ရရှိသည့် သတင်းများအရ လေးကေ့ကော်တွင် ခိုလှုံနေသည့် အကြမ်းဖက်သမားများက နည်းမျိုးစုံဖြင့် ပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း သိခဲ့ရသည်။ NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို လက်မခံရေးသက်ဆိုင်ရာခေါင်းဆောင်များထံ အသိပေးခဲ့သော်လည်း လက်နက်ခဲယမ်းဖမ်းမိမှုများက ရပ်ဆိုင်းမသွားဘဲ ဆက်တိုက်ဖမ်းမိနေသည့် အတွက် အရင်းအမြစ်ကို မဖြစ်မနေ ဖော်ထုတ်နုတ်ပယ်ပစ်ရန် လိုအပ်လာသည့်အလျောက် ကြိုတင်အသိပေးချက်နှင့် ဥပဒေနှင့်အညီ ရှာဖွေစစ်ဆေးပြီးအချို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

လေးကေ့ကော်ဒေသသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်စစ်ဆေးရာတွင် အကြမ်းဖက်အားပေးမီဒီယာများက KNU/KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားပြီး NCA ကို ပျက်စီးစေလိုသည့် ခေါင်းဆောင်အချို့အား ပွဲထုတ်ကာ မြှောက်ပင့်ပေးခြင်း၊ တို့မီးရှို့မီး သတင်းများ ထုတ်လွှင့်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ငြိမ်းချမ်းနေသည့် ဒေသကို အကြမ်းဖက်မှုအတွက် အသုံးချသည့်အပြင် တိုက်ပွဲများ စတင်ဖော်ဆောင်ခဲ့ခြင်းဖြင့် စစ်မီးကိုမွှေးခဲ့ကြသည်။ တကယ်တမ်း ဒုက္ခကို ခံစားကြရသူများမှာ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ အမျိုးသမီးများအပါအဝင် အပြစ်မဲ့ပြည်သူများပင်ဖြစ်သည်။ ရာသီဥတု ကြမ်းတမ်းသည့်ကာလတွင် အိုးပစ်အိမ်ပစ်နှင့် အသက်ကို ဖက်နှင့်ထုပ်ကာ စစ်ဘေးရှောင်ကြရသည့်သတင်းမှာ အနိဋ္ဌာရုံ လိုလားသည့် အကြမ်းဖက်မီဒီယာများအတွက် သတင်းကောင်းရေးကွက်များဖြစ်သော်လည်း ခံစားရသူများအဖို့ လောကငရဲပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းတည့်မတ်သည့်လုပ်ငန်းများကို အချိန်ကာလသတ်မှတ်၍ ဆောင်ရွက်နေချိန်ဖြစ်သည်။ ဒီမိုကရေစီဟူသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ပါတီအဖွဲ့အစည်းတစ်ရပ်၏ မူပိုင်မဟုတ်။ ဒီမိုကရေစီကို အကြောင်းပြကာ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အုပ်စုဖွဲ့အနိုင်ကျင့်ခြင်း၊ လူသတ်ခြင်း၊ စစ်ဘက်မဟုတ်သည့်နေရာများ၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း စသည်တို့မှာလည်း ဒီမိုကရေစီနှင့် ပြဒါးတစ်လမ်းသံတစ်လမ်းပင်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး အနှစ်နှစ်အလလကပင် လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲထားပြီး အဆင့်လိုက် ဖော်ဆောင်နေမှုများကို အလေးအနက်တန်ဖိုးထားကြရမှာလည်းဖြစ်သည်။

မိမိတို့ဒေသ၏ အေးချမ်းတည်ငြိမ်မှုကို မည်သည့်အရာနှင့်မှ မလဲရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုသည်။ NUG ၊ PDF တို့၏ နောက်ကွယ်တွင် အကြမ်းဖက်မှုကို အားပေးနေသည့် လက်တံရှည်ကြီးက မိမိတို့နိုင်ငံကို ပြည်တွင်းစစ်နွံအိုင်အတွင်း ကျဆင်းသွားစေရန် ကြိုးပမ်းနေသည်ကိုလည်း သတိမူကြရမှာဖြစ်သည်။ လတ်တလော အခြေအနေအားဖြင့်မူ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေရာမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများ၏ လုံခြုံမှု၊ စိတ်အေးချမ်းသာမှု၊ စားဝတ်နေရေး အခက်အခဲများ ပြေလည်စေမှုအတွက် ဝိုင်းဝန်းကူညီအားပေး စောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာန လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေဝင်းဦး ကို အစမ်းခန့် ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာန မြင်းခြံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အေးအေးဟန်ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၉

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရွာမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

လွတ်လပ်ရေးနဲ့ တို့တာဝန်

- သူငယ်ချင်း.....မင်းနဲ့ ငါ နေ
  သည် ရေမြေကား ၊ ပဝေသဏီ
  အခြေတည်စ ၊ ရှေးမဆွပင်
  အစဉ်လွတ်လပ် ၊ ငြိမ်းချမ်းဓာတ်နှင့်
  မြင့်မြတ်အောင်ဆု၊ ပြည်ထောင်စုမြန်မာ
  ပြည်ရွာ၏ဂုဏ်၊ လွန်ပြည့်စုံ၏။
- ဂုဏ်ရှိန်တင့်ဒြပ် ၊ လွတ်လပ်ပိုက်ထွေး
  သည်အရေးကား၊ သေးသေးငယ်ငယ်
  ရခဲ့လွယ်ခြင်း၊ အလျှင်းမဟုတ်
  မဆုတ်မနစ်၊ အမျိုးချစ်စိတ်
  တဖိတ်ဖိတ်ကဲ ၊ ခိုင်မြဲကြိုးပမ်း
  ရယူလှမ်းပြီး ၊ သည်ခရီးကား
  တန်ဖိုးကြီးမား၊ အလွန်များ၏။
- မြန်မာ့သမိုင်း၊ တစ်ခါရိုင်းခဲ့
  နယ်ချဲ့လက်အောက် ၊ ကျရောက်ဖြစ်အင်
  အစဉ်နာကြည်း ၊ အရှက်သည်းရ...
  ပြည်ကြီးပျက်သုဉ်း၊ ကြိမ်မီးအုံးရ...
  ဆုံးရှုံးခြေနင်း ၊ မျိုးဂုဏ်ကင်းရ...
  ကျွန်ဖြစ်ခြင်းဒဏ် ၊ စော်ကားခံရ...
  ထိုဘဝများ ၊ အလွန်ခါး၏။
- ဇာတိပုည ၊ ဂုဏ်မာနချို့
  ငါတို့လူမျိုး ၊ ကြမ္မာညှိုးချိန်
  ချိုးနှိမ်သိမ်ဖျင်း ၊ ရွှေမှန်ကင်းအစစ်
  ထင်းဖြစ်ခဲ့ရ ၊ ထိုခဏများ
  ခါးသီးစိတ်စွဲ ၊ လွန်ကဲဒေါသ
  မေ့မရပေ ၊ မြန်မာတွေ။
  ကမ္ဘာမကြေ ၊ ဒါတို့မြေ။
- သူ့ကျွန်မခံ ၊ ဇာတိမာန်က
  "သေသော်မှတည့် သြော်ကောင်း၏" ဟု
  စွဲမြဲရှုလျက် ၊ "တက်" ခေါက်သံပြင်း
  အားမာန်တင်းလျက် ၊ လှေခွက်ချည်းကျန်
  အလံမလဲ ၊ သတ္တိဇွဲနဲ့
  နယ်ချဲ့ကိုပြိုင် ၊ ဓားလွတ်ကိုင်ရင်း
  စစ်ခင်းခဲ့ကြ ၊ တို့ဘိုးဘဲ့
  မြေခသွေးစက် ချင်းချင်းနီ
  ကမ္ဘာမကြေ ဥဒါန်းရှည်။
- စိတ်ဓာတ်သာရှိ၊ နည်းမသိမို့
  ထိမိအားလုံး ၊ မစုရုံးနိုင်
  လှမ်းကိုင်မရောက် ၊ ပန်းတိုင်ပျောက်၍
  သို့ပျောက်ရာမှ ၊ လမ်းမှန်ပြသော်
  တပ်မတော်တစ်ရပ် ၊ ထွန်းပေါ်အပ်မို့
  တို့လွတ်လပ်ရေး ၊ သက်သွေးများစွာ
  ယှဉ်ကာတိုက်ပွဲ ၊ အတူနွဲ့၍
  အောင်ပွဲရယူ ၊ အောင်လံထူခဲ့
  ပြည်သူ–တပ်မတော် မှတ်တိုင်များ။
  သမိုင်းစဉ်က အမှန်တရား။
  ဘယ်သူဖျက်ဖျက် ပျက်မသွား။
- သြော်....
  ခုတော့ထွတ်မြတ် ၊ တို့လွတ်လပ်ပြီ
  လွတ်လပ်တည်ရုံ ၊ မပြည့်စုံသေး
  ကုံလုံအေးမြ ၊ လွန်ကြွယ်ဝ၍
  "တရားမျှတ ၊ လွတ်လပ်ကြခြင်း
  ချစ်ခြင်းကြည်ဖြူ ၊ ခွင့်တူညီမျှ
  ဝါဒဖြူစင်" ၊ မှန်အောင်မြင်ရေး
  မျှော်တွေးစုံညီ ၊ ယုံကြည်ကြိုးစား
  အမျိုးသားရေး ရှိပေသေး၏။
- ထို့ထက်တစ်နှုန်း ၊ အရေးကြီးဆုံးကား
  ရရှိထားသည့် ၊ တို့၏သက်သွေး
  လွတ်လပ်ရေးတွက်၊ ဆက်လက်ခိုင်မာ
  နောင်ကမ္ဘာတိုင် ၊ မယိမ်းယိုင်သင့်
  အားမာန်ဝင့်ပြီး ၊ စည်းစည်းလုံးလုံး
  ပေါင်းရုံးဆောင်ပြ ၊ ပြည်ထောင်စုအဖြစ်
  ချစ်ချစ်ကြည်ကြည် ၊ ကမ္ဘာတည်အောင်
  စွမ်းဆောင်ဖို့ကြိုးပမ်း လှမ်းရန်မသွေ။
  မင်းတို့ငါတို့ ၊ တာဝန်ပေ။
  ကျေပွန်လှမ်းတက် ထမ်းရွက်စေ။ ။

အကျော်ပင်

လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြေသေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့ လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုပ်သမားဆေးရုံကြီး (မန္တလေး)ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

အာမခံအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများအပါအဝင် လိုအပ်သည့် အခန်းကဏ္ဍများတွင် ပါဝင်ပူးပေါင်း

မန္တလေး ဒီဇင်ဘာ ၂၉

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဆေးရုံကြီး(မန္တလေး) အစည်းအဝေးခန်းမ၌ ခေတ္တဆေးရုံအုပ်ကြီး၊ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုပ်သမားဆေးရုံကြီး (မန္တလေး)ရှိ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုကြောင်း၊ အာမခံအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများ အပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည့် အခန်းကဏ္ဍများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ လူနာကုသရေးလုပ်ငန်း၊ ဆေးရုံသုံးပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သက်တမ်းလွန်/ လေလွင့်ဆေးများမဖြစ်စေရန် စီမံခြင်း၊ ဆေးရုံလုံခြုံရေး အလေးထားဆောင်ရွက်ရန် လိုကြောင်း။

ပိုမိုထိရောက်အောင် ဆောင်ရွက်

လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ကောင်းမွန်သော ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်နှင့် ယခုထက် ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခေတ္တဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး နှာခေါင်းစည်း (Mask)များ ပေးအပ်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာနသို့ လာရောက်ပြသသည့် ပြင်ပလူနာများအား နှုတ်ဆက်အားပေးပြီး ဆေးဝါးကုသပေးနေမှုများ၊ အတွင်းလူနာကုသပေးသည့် ကုသဆောင်များ၊ ကိုဗစ်-၁၉ စောင့်ကြည့်လူနာများထားရှိသည့် ကုသဆောင်များနှင့် ပြင်ပလူနာဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရုပ်ရှင်လောကသားများအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် မိသားစုတို့က လှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ပဲတို့အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ အလွှာ ၁၀ မျိုးဖြစ်သော အုပ်ချုပ်/ဖြန့်ချိအလွှာ၊ ဗီဒီယိုအခြေခံအလွှာ၊ ဇာတ်လမ်း/ဇာတ်ညွှန်းအလွှာ၊ အဓိက သရုပ်ဆောင်အလွှာ၊ တည်းဖြတ်အလွှာ၊ ပြဇာတ်နှင့် နောက်ခံတေးဂီတ အလွှာ၊ ဒါရိုက်တာအလွှာ၊ ထုတ်လုပ်သူများအလွှာ၊ ဇာတ်ပို့/ဇာတ်ရံအလွှာနှင့် စက်မှုအလွှာတို့မှ အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ဆားနှင့်ပဲများ ဝေငှပေးအပ်မှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ပေးအပ်ရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်/ အတတ်ပညာရှင်များအား တစ်ဦးလျှင်ဆန် ၁၂ပြည် တစ်အိတ်၊ ဆီတစ်လီတာ တစ်ဘူး၊ ပဲ တစ်ပိသာ၊ ဆားတစ်ပိသာတို့အား ဒီဇင်ဘာ ၂၅ ရက်တွင် ထုတ်လုပ်/ဖြန့်ချိအလွှာနှင့်ဗီဒီယိုအခြေခံအလွှာတို့ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဇာတ်လမ်း/ဇာတ်ညွှန်းအလွှာနှင့် အဓိကသရုပ်ဆောင်အလွှာတို့ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် တည်းဖြတ်အလွှာနှင့်ပြဇာတ်နှင့်နောက်ခံတေးဂီတအလွှာတို့ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် ဒါရိုက်တာ အလွှာနှင့် ထုတ်လုပ်သူအလွှာတို့ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၉ ရက်နှင့် ဒီဇင်ဘာ ၃၀ ရက်တို့တွင် ဇာတ်ပို့ ဇာတ်ရံအလွှာနှင့် ဒီဇင်ဘာ ၃၁ ရက်တွင် စက်မှုအလွှာတို့ကို လည်းကောင်း သီးခြားရက်များ သတ်မှတ်ထားပြီး ဝေငှပေးလျက်ရှိကြောင်း၊ အလွှာ ၁၀ အနက်မှ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်း အရုံးမှ ဇာတ်ပို့/ဇာတ်ရံများအား အခြေခံစားသောက်ကုန်များ ပေးအပ်စဉ်။
ဓာတ်ပုံ-ကနူး

စက်မှုအလွှာသည် အစည်းအရုံးဝင် အများဆုံးဖြစ်သည့်အတွက် ဒီဇင်ဘာ ၃၁ ရက်တွင် မော်တော်ယာဉ်များဖြင့် အိမ်တိုင်ရာရောက် ဝေငှပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များအတွက် စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ လှူဒါန်းမှုမှာ စားသုံးဆီ တစ်လီတာဘူး ၁ဖြဧ၀၊ ပဲပိသာချိန် ၁ဖြဧ၀၊ ဆန်အိတ် ၁၂ ပြည်ဆံ့ ၁ဖြဧ၀နှင့် ဆားပိသာ ၁ဖြဧ၀ တို့ကို ပေးအပ်လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ခရီးသွားလုပ်ငန်းခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ခရီးသွားလုပ်ငန်း" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ခရီးသွားလုပ်ငန်းများလည်း ထိခိုက်ခဲ့ရကြောင်း၊ အလားတူလူသားများ၏ ပျော်လျှော့စွာ လုပ်ကိုင်ဆောင်ရွက်မှုများကြောင့်လည်း သဘာဝဘေးအန္တရာယ်ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများတွင် ခရီးသွားလုပ်ငန်းအရင်းအမြစ်များ ဖြစ်သည့် ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပျက်စီးဆုံးရှုံးမှုကို ပြန်လည်ပြင်ဆင်ရာတွင် မူလပကတိပုံစံ အခြေအနေမျိုး ပြန်လည်ရရှိရန် မဖြစ်နိုင်သည့်အတွက် ပျက်စီးဆုံးရှုံးမှု တန်ဖိုးကြီးမားကြောင်း။

နည်းလမ်းများပေါ်ထွက်လာနိုင်

ပညာရှင်များအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များကို လျှော့ချကာကွယ်နိုင်ရန် Sustainable Development Goals ၁၇ ချက်ကို အသိပေးထုတ်ပြန်ထားကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကာကွယ်နိုင်ရန် ခရီးသွားလုပ်ငန်းကဏ္ဍတွင် Green City၊ Green Hotel များ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများကို ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို သိရှိနားလည်ပြီး အကျိုးရှိမည့် ရလဒ်ကောင်းများနှင့် နည်းလမ်းများပေါ်ထွက်လာနိုင်ရေး ဆွေးနွေးအဖြေရှာကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်ကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများ ထိခိုက်နစ်နာမှုများ၊ ဒေသခံပြည်သူများ၏ စီးပွားရေးထိခိုက်မှုများ၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးစီမံချက်များ ရေးဆွဲဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေးအခြေအနေများကို ဆွေးနွေးသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုအခြေအနေ၊ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်းထားရှိမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် သဘာဝဘေး အန္တရာယ်ကာကွယ်တားဆီးရေး အသိပညာပေး သင်တန်းများ ဖွင့်လှစ်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်မှု၊ ဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ရေးဆွဲထားရှိမှုအခြေအနေများနှင့် ခရီးသွားကဏ္ဍအတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံအချို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများနှင့် ခရီးသွားလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

စားပွဲဝိုင်းဆွေးနွေး

ယင်းနောက် ဆွေးနွေးမှုများအပေါ် အဖွဲ့ (၄) ဖွဲ့ခွဲ၍ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်၊ မိုးကြိုကာလမုန်တိုင်းသက်ရောက်မှု၊ မီးဘေးအန္တရာယ်နှင့် ငလျင်ဘေးအန္တရာယ် ခေါင်းစဉ်များဖြင့် စားပွဲဝိုင်းဆွေးနွေးကြပြီး အဖွဲ့ (၄) ဖွဲ့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာခေါင်းစဉ် အလိုက် panel discussion ပြုလုပ်ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ၏ သဘာပတိက အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များ အပေါ် အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးကြသူများနှင့် အဖွဲ့လိုက် ကိုယ်စားပြုသူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနတာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်နှင့် မန္တလာတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများနှင့် တာဝန်ရှိသူများက Online မှ ပါဝင်တက်ရောက်ကြသည်။ **သတင်းစဉ်**

ရသေ့တောင်မြို့၌ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်

ရသေ့တောင် ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးအတွက် အလှူငွေများ ထည့်ဝင် လှူဒါန်းပေးခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်က အမှာစကား ပြောကြားပြီး အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဦးသန်းနိုင်နှင့် ဘဏ္ဍာရေးမှူး ဦးဦးသာဇံတို့က စက်ရုံ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရင်ငွေ၊ သုံးငွေစာရင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီမှ ရသေ့တောင်မြို့နယ်အတွင်း တိုက်နယ်ဆေးရုံများနှင့်ကျေးလက်ကျန်းမာရေး ဌာနခွဲများသို့ အောက်ဆီဂျင်အိုးများ ပေးအပ်သည်။ ယင်းနောက် အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်ရုံဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ပြည်တွင်း/ပြည်ပစေတနာရှင်ပြည်သူများ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ပြီး တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး ၇၆ လုံး ထုတ်လုပ်နိုင်ကာ မြို့နယ်အတွင်း တိုက်နယ်ဆေးရုံများနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲများသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **အောင်စံထွန်း(ပြန်/ဆက်)**

ရှေ့ဖုံးမှ

သခွပ်မြစ်တံတားသည် ဒလ–သခွပ်–လက်ခုပ်ကုန်း–ကညင်းကုန်းလမ်းမကြီးပေါ်တွင် တည်ရှိသော လမ်းပိုင်းဖြစ်ပြီး နေ့စဉ် မော်တော်ယာဉ်များ၊ ကုန်စည်များ သယ်ယူပို့ဆောင်မှုများပြားသော အဓိကလမ်းမကြီး တစ်ခုလည်း ဖြစ်သည်။ ယခင် သခွပ်တံတားဟောင်းမှာ ၁၉၉၁ ခုနှစ်က စတင်တည်ဆောက်ထားမှုကြောင့် နှစ်ကာလကြာရှည်မှုနှင့် တံတားကြံ့ခိုင်မှု အားနည်းလာခြင်းကြောင့် အဆိုပါသခွပ်မြစ်တံတားသစ် စီမံကိန်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သခွပ်မြစ်တံတားသစ်မှာ အရှည် ၄၉၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ၀ယာတစ်ဖက်လျှင် သုံးပေ ခြောက်လက်မ စုစုပေါင်း တံတားအကျယ် ၃၁ ပေရှိပြီး ရေလမ်းကင်းလွတ်အမြင့် နှစ်မီတာ၊ ရေလမ်းကင်းလွတ် အကျယ် ၂၉ ဒသမ ၂၆ မီတာ၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် သံမဏိရက်မ (အပေါ်ထည်)ဖြစ်သည်။ တံတားအောက်ထည်မှာ သံကူကွန်ကရစ် အချင်း ၁ ဒသမ ၀ မီတာ ဘိုးပိုင်ဖြင့် တည်ဆောက်ထားပြီး တံတားစီမံကိန်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၅၀၃ သန်း ကုန်ကျကြောင်း သိရသည်။

ယခုအခါ သခွပ်တံတားသစ်ကြီး တည်ဆောက်မှုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သလို အများပြည်သူ အားလပ်ရက်ရှည်ကာလများတွင် ပြည်တွင်းခရီးသွားလာမှု အပန်းဖြေအနားယူနိုင်သော လက်ခုပ်ကုန်းဆယ်အိမ်တန်းကမ်းခြေသို့ အလျင်အမြန်သွားလာနိုင်မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်မှုနှင့်အတူ ဒေသခံပြည်သူများ၏ ခရီးသွားလုပ်ငန်းများ၊ ကုန်စည်စီးဆင်းမှုလုပ်ငန်းများ၊ လူမှုစီးပွားဘဝများကို များစွာအထောက်အကူပြုတော့မည်ဖြစ်ပေသည်။ **သုတ**

ဘက်ပေါင်းစုံမှ ဆောင်ရွက်

ပြည်ပနိုင်ငံများနှင့် စီးပွားရေးကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း၊ မြန်မာကျေပ်ငွေနှင့် ၎င်းတို့နိုင်ငံသုံးငွေ တိုက်ရိုက်ပေးချေနိုင်ရန် အိန္ဒိယ၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာအောင် ဘက်ပေါင်းစုံမှ အတတ်နိုင်ဆုံး ဆောင်ရွက်နေကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့ငွေများ ပေးအပ်လျှုဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ထောက်ပံ့ငွေများ ပေးအပ်လျှုဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနခွဲ၌ ကျင်းပသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U) ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U) မှ ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လျှုဒါန်း

အခမ်းအနားတွင် သံအမတ်ကြီး Mr. Chen Hai က မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့ငွေများ ပေးအပ်လျှုဒါန်းရခြင်း အကြောင်းရင်းကို ပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဆင့်ဆင့်သို့ အမေရိကန်ဒေါ်လာ သုံးသိန်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)သို့ အမေရိကန်ဒေါ်လာ နှစ်သိန်း ပေးအပ်လျှုဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လက်ခံရယူပြီး(အပေါ်ပို့) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးပြည့်စုံတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များကို သံအမတ်ကြီး Mr.Chen Hai ထံ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ထောက်ပံ့ငွေ ပေးအပ်လျှုဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် သံအမတ်ကြီး Mr.Chen Hai တို့တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သံအမတ်ကြီး ဦးတင်ယု အား အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယု အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး) နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

ကူမဲမြို့ ပန်းလောင်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်

ကူမဲ ဒီဇင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကူမဲငါးလုပ်ငန်းစခန်းတို့ ပူးပေါင်း၍ သဘာဝမြစ်၊ ချောင်း၊ အင်း၊ အိုင်များ၊ ဆည်၊ တမံ၊ ကန်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုရရှိစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးတို့အတွက် ကူမဲမြို့နယ် ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဒီဇင်ဘာ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝင်းနှင့် ဝန်ထမ်းများ၊ မြစ်သားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးခိုင်၊ စီမံကိန်းဦးစီးမှူး ဒေါ်နီလာအေး၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာဇာနည်ဇော်၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနေလင်းထက်၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀ နှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၅၀၀၀ စုစုပေါင်း ၃၅၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ *ရှေ့ဖိုးမှ*

အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသည့် Covishield အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် ၆ ဒသမ ၇ သန်း doses သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ည ၉ နာရီ ၃၅ မိနစ်တွင် ထပ်မံရောက်ရှိလာပြီဖြစ်ရာ စုစုပေါင်း ကာကွယ်ဆေး ၁၃ ဒသမ ၄ သန်း doses ရောက်ရှိပြီးဖြစ်သည်။

အဆိုပါ ဒုတိယအသုတ်အဖြစ် ရောက်ရှိလာသည့် ရောဂါကာကွယ်ဆေး Covishield အမှတ်တံဆိပ်ကာကွယ်ဆေး ၆ ဒသမ ၇ သန်း doses ကို ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့က လက်ခံရယူသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ဒီဇင်ဘာ ၂၈ ရက်အထိ အသက် ၁၈ နှစ်နှင့် အထက်ရှိသူ ၁၃ ဒသမ ၇၈ သန်းကို နှစ်ကြိမ်အပြည့်ထိုးနှံပေးခဲ့ပြီး ၅ ဒသမ ၃၇ သန်းကို တစ်ကြိမ် ထိုးနှံပေးခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသည့် အသက် ၁၈ နှစ်နှင့်အထက်ရှိသူ စုစုပေါင်း ၁၉ ဒသမ ၁၅ သန်းခန့်ရှိပြီဖြစ်သောကြောင့် ရည်မှန်းလူဦးရေအားလုံး၏ ၅၁ ရာခိုင်နှုန်းကျော်ကို ထိုးနှံပြီးစီးခဲ့ပြီး ဖြစ်သည်။

ထို့ပြင် အခြေခံပညာကျောင်းများတွင် အသက် ၁၂ နှစ်နှင့် အထက်ရှိ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁ ဒသမ ၂၉ သန်းကို နှစ်ကြိမ်အပြည့်ထိုးနှံပေးခဲ့ပြီး ၁၈၈၈၃၆ ဦးကို တစ်ကြိမ်ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဝယ်ယူခြင်းမှ ၄၄ ဒသမ ၄ သန်းနှင့် လှုဒါန်းမှုမှ ၁၁ ဒသမ ၉၆ သန်းခန့် စုစုပေါင်း ၅၆ ဒသမ ၃၆ သန်းခန့်ရရှိပြီး ဖြစ်သည်။

လာမည့် ၂၀၂၂ ခုနှစ်တွင်လည်း ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်အောင် သတ်မှတ်ဦးတည်အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်တွန်းနှိုးဆော်

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုရရှိထားသူများ အနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင်(သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

သတင်းစဉ်

မဆန်းသော်လည်း မရိုးလှတဲ့ NDAA ဇာတ်လမ်းတစ်ပုဒ်

မြင့်မြတ်

အမေရိကန်နိုင်ငံကြီးအနေနဲ့ သူနဲ့ဓာတ်မတည့်တဲ့နိုင်ငံတွေမှာ စစ်ရေးအပါအဝင် ဝင်ရောက်စွက်ဖက်စိုးမိုးနိုင်ရေး၊ ပင်တဂွန်ရဲ့မူဝါဒတွေကို အထောက်အကူပြုမယ့် ၂၀၂၂ ခုနှစ်အတွက် (ဖ၁)ကြိမ်မြောက် ကာကွယ်ရေးဘတ်ဂျက်ဥပဒေသစ်တစ်ခုဟာ Congress မှာ ဒီဇင်ဘာလ ၁၅ ရက်နေ့က အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

NDAA "National Defence Authorization Act" လို့ခေါ်တဲ့ ၎င်းဥပဒေကို သမ္မတဘိုင်ဒင်ကတော့ ဒီဇင်ဘာလ ၂၇ ရက်နေ့က လက်မှတ်ထိုး အတည်ပြုလိုက်ပြီးလည်း ဖြစ်ပါတယ်။ အမေရိကန်ခေါ်လာဘီလီယံ ၇၇၀ ခန့်အသုံးပြုမယ့် "အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့်ဥပဒေ"လို့ခေါ်တဲ့ ၎င်းဥပဒေကို အထက်နဲ့အောက် လွှတ်တော်နှစ်ရပ်လုံးက တညီတညွတ်တည်း အတည်ပြုလိုက်တယ်ဆိုပေမယ့် တိုးတက်ရေးဝါဒီတွေနဲ့ စစ်ဆန့်ကျင်ရေးသမားများရဲ့ အပြင်းအထန်ကန့်ကွက်မှုတွေနဲ့လည်း ကြုံခဲ့ရတာ ဖြစ်ပါတယ်။

ဝင်ရောက်စွက်ဖက်ရန် ပို၍ တိုးမြှင့်သုံးစွဲလာနေတဲ့ ကာကွယ်ရေးဘတ်ဂျက်

အမေရိကန်အစိုးရအနေနဲ့ သူ့ပြည်သူတွေရဲ့ လူမှုရေးအသုံးစရိတ် ဘတ်ဂျက်ကိုတော့ နှစ်စဉ် အမေရိကန်ခေါ်လာ ၁၇၅ ဘီလီယံလောက်သာ သုံးစွဲခဲ့တာ လေ့လာမိပါတယ်။ ပြည်တွင်းမှာ ကိုဗစ်ဒဏ်နဲ့ လူမှုစီးပွားဘဝ သက်ရောက်မှုဒဏ်ကို ကြီးကြီးမားမားခံစားနေရပြီး အခွန်အတုတ် ပိုထိုနိုင်တဲ့ အမေရိကန်ပြည်သူတွေအတွက် ပိုမိုသုံးစွဲရမယ့်အစား ယခုလို စစ်ရေးမှာအသုံးပြုဖို့ ငွေကြေးအလုံးအရင်း ခွင့်ပြုချက်ပေးခြင်းဟာ ဘာကြောင့်ပါလဲ။ သတိထားသုံးသပ်ဖို့တော့ လိုပါမယ်။

အာဖဂန်နစ္စတန်ကနေ ဒရောသောပါး ဆုတ်ခွာခဲ့ရတဲ့ အမေရိကန်အနေနဲ့ ယခုနှစ် ကာကွယ်ရေးဘတ်ဂျက်ထက် ပြည်တွင်းကိစ္စရပ်တွေမှာ ပိုမိုသုံးစွဲသွားလိမ့်မယ်လို့ အများက မျှော်လင့်ထားခဲ့ကြတာပါ။ ဒါပေမယ့် ယခုနှစ်ကာကွယ်ရေးဘတ်ဂျက်ဟာ ယမန်နှစ် ဒေါ်နယ်ထရန့်သုံးစွဲခဲ့တဲ့ ဘီလီယံ ၇၄၀ ထက် ၅ ရာခိုင်နှုန်း ပိုများတဲ့အပြင် ဘိုင်ဒင်တောင်းဆိုထားတဲ့ ပမာဏထက် ၂၄ ဘီလီယံကို Congress က ပိုတိုးပေးလိုက်တဲ့ အချက်ဟာ အမေရိကန်စစ်တပ်အနေနဲ့ အခြားနိုင်ငံများရဲ့ ပြည်တွင်းရေးမှာ ပိုပြီး ဝင်ရောက်စွက်ဖက်ဖို့အတွက် မီးစိမ်းပြလိုက်ခြင်းပဲ ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။

ပစ်မှတ်က တရုတ်နဲ့ ရုရှားဖြစ်နေ

အမေရိကန်နိုင်ငံရဲ့ နှစ်စဉ်ကာကွယ်ရေးဘတ်ဂျက်ဟာ ကမ္ဘာမှာ အမြင့်ဆုံးပါ။ ဒုတိယအမြင့်ဆုံးဖြစ်တဲ့ တရုတ်ကာကွယ်ရေးဘတ်ဂျက်ထက် သုံးဆပိုများပါတယ်။ ကာကွယ်ရေးဘတ်ဂျက်မှာ စစ်သည်တွေရဲ့လစာ၊ လေယာဉ်တင်သင်္ဘောတွေ ဝယ်ယူဖို့အပြင် နျူကလီးယားလက်နက်တွေတိုးချဲ့ဖို့၊ ပထဝီနိုင်ငံရေးအရ တရုတ်နဲ့ရုရှားကို ယှဉ်ပြိုင်ဖို့ ထိန်းချုပ်ဖို့ရန်လည်း အဓိကပါဝင်ပါတယ်။

အီရတ်ပြည်တွင်းစစ်ကာလမြင်ကွင်း။

ဒီလောက်စစ်ရေးဘတ်ဂျက်ကို အမြောက်အမြား တိုးမြှင့်သုံးစွဲနေခြင်းဟာ တရုတ်ကို ပြိုင်ဆိုင်ထောက်ကန်ထားရန်နဲ့ ပိတ်ဆို့ချေမှုန်းဖို့က အဓိကပါ။ ဒုတိယဦးစားပေးကတော့ ရုရှားပါပဲ။ ထိုင်ဝမ်နဲ့ပတ်သက်နေတဲ့ တရုတ်နဲ့ ယူကရိန်းနဲ့ ဆက်စပ်နေတဲ့ ရုရှားနိုင်ငံတွေဟာ အဓိကပစ်မှတ်ဖြစ်နေပေမယ့် နှစ်နိုင်ငံစလုံးက မြန်မာနိုင်ငံရဲ့ မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြတယ်ဆိုတဲ့ အချက်ဟာ ဂရုပြုရမယ့်အချက် ဖြစ်နေပါတယ်။ ယူကရိန်းနိုင်ငံရဲ့လုံခြုံရေးကို အကြောင်းပြုပြီးပေးမယ့် အကူအညီတွေလည်းပါတဲ့အပြင် ပစိဖိတ်ဒေသလုံခြုံရေးအတွက်လည်း ၇ ဒသမ ၁ ဘီလီယံလောက် အထိ သုံးစွဲမယ့်သဘောပါ။ တရုတ်နဲ့ ရုရှားအပြင် အီရန်နဲ့ မြောက်ကိုရီးယားတို့လို နိုင်ငံတွေအနေနဲ့ လည်း NDAA စက်ကွင်းက မလွတ်နိုင်ပါဘူး။

ငွေကြေးအထောက်အပံ့အပြင် စစ်ရေးအကူအညီ ရှိလာနိုင်တဲ့ ခေါင်းစဉ်များ

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ယခုလို အမေရိကန်ရဲ့ ကြေညာချက်အပေါ်မှာ ဝမ်းသာနေသူတွေ၊ ကြိတ်ပျော်နေသူတွေ မြန်မာနိုင်ငံမှာ ရှိနေတာတော့ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါတယ်။ အမေရိကန်ကာကွယ်ရေးဘတ်ဂျက်ဆိုတာ ဥပဒေအဖြစ်သက်ရောက်ပြီး နှစ်စဉ်ထုတ်ပြန်နေကျဖြစ်ပါတယ်။ ဥပဒေတစ်ခုဖြစ်သွားတော့ လုပ်ပိုင်ခွင့်လည်းပိုရသွားတဲ့ သဘောပါပဲ။ အခြားနိုင်ငံတွေရဲ့ပြည်တွင်းရေးမှာ ငွေကိုပုံအောသုံးဖို့ အမေရိကန်စစ်တပ်အတွက် "ထန်းပင်တက်လက်မှတ်ရ"သလို ဖြစ်သွားတာပါပဲ။ ဘတ်ဂျက်ကိစ္စမှာ မြန်မာဆိုတဲ့ အမည်နာမ သုံးထားတာကို မတွေ့မိပေမယ့် BBC , RFA တို့ရဲ့ ဖော်ပြချက်တွေအပေါ်မှာ အရိုးအရင်းပဲ ကိုက်ရကိုက်ရ၊ အမေကျော်ဌေးတော်လွမ်းသူတွေအတွက် အလွန်အကျွံ လိုရာဆွဲတွေးနေကြခြင်းသာ ဖြစ်ပါလိမ့်မယ်လို့လည်း ယူဆမိပါတယ်။

NDAA ငွေကြေးအစိတ်အပိုင်းအချို့ကို ဒီမိုကရေစီအရေခြုံ ခေါင်းစဉ်အောက်မှာ ဒီမိုကရေစီအင်အားစုအမည်တပ်ပြီး အကြမ်းဖက်အဖွဲ့အစည်းတွေ မွေးထုတ်ပေးနေတဲ့ NUG နဲ့ CRPH တို့ထံ နယ်စပ်ကတစ်ဆင့် ကူညီထောက်ပံ့မှုတွေရှိလာနိုင်ပါတယ်။ လူ့အခွင့်အရေးဗဟန်းပြ၊ လူသားချင်းစာနာထောက်ထားမှု ခေါင်းစဉ်အောက်မှာ စစ်ဘေးရှောင် ဒုက္ခသည်တွေအတွက်ဆိုပြီး အထောက်အပံ့အစီအမံတွေ ရှိလာနိုင်ပါတယ်။ ငွေကြေးအကူအညီသာမက စစ်ရေးအကူအညီပါ ပါရှိလာမှာလည်း သေချာပါတယ်။ နောက်ဆုံး တရုတ်နဲ့ ရုရှားနိုင်ငံတို့က မြန်မာနိုင်ငံအပေါ်မှာ သြဇာလွှမ်းမိုးနေမှုကို တန်ပြန်ဖို့အတွက်ထိ ရည်မှန်းချက်တစ်ခု ပါရှိလာနိုင်တယ်ဆိုတာ တွက်ဆထားဖို့လိုပါတယ်။

တိုးမြှင့်သုံးစွဲလာတဲ့ငွေပမာဏနဲ့အတူ စစ်သွေးကြွ နိုင်ငံတစ်နိုင်ငံဖြစ်လာနေ

အမှန်တကယ်က နှစ်စဉ် အမေရိကန်ရဲ့ ကာကွယ်ရေးလုပ်ပိုင်ခွင့်ဥပဒေနဲ့ တိုးပွားလာတဲ့ ဘတ်ဂျက်ပမာဏထုတ်ပြန်ချက်တွေဟာ အမေရိကန်ကို စစ်သွေးကြွနိုင်ငံတစ်နိုင်ငံအဖြစ် ဖြစ်မှန်းမသိ တွန်းပို့နေတယ်လို့ သုံးသပ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်တွေက ထောက်ခံပေးလိုက်တဲ့ စစ်အသုံးစရိတ်တွေကြောင့် အစိုးရနဲ့ စစ်တပ်ဟာ ကမ္ဘာပတ်ပြီး စစ်မီးမွှေးခွင့်ရနေလို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအကြောင်းပြခံရပြီး ဆိုဗီယက်နိုင်ငံကြီးဟာ အစိတ်စိတ်အမြွှာမြွှာ ဖြိုခွဲခံလိုက်ရတာ ပြန်လည်သတိရစေပါတယ်။

အကြမ်းဖက်နှိမ်နှင်းရေး အကြောင်းပြပြီး အကြမ်းဖက်တွေကို မွေးထုတ်ပေးနေတဲ့ဖြစ်စဉ်တွေ မြင်နိုင်၊ တွေ့နိုင်ပါတယ်။ အကြမ်းဖက် ISIS ရဲ့ မျိုးဆက်ဟောင်းဖြစ်တဲ့ အယ်လ်ကိုင်ဒါဟာ အမေရိကန် CIA ရဲ့ ထုတ်ကုန်တစ်ခုဖြစ်ခဲ့ပြီး အကြမ်းဖက်ခေါင်းစဉ်အောက်မှာပဲ အာဖဂန်နစ္စတန်ကို တိုက်ခိုက်ပြီး ဆယ်စုနှစ်ချီ သိမ်းပိုက်ထားနိုင်ခဲ့ပေမယ့် နောက်ဆုံးတော့ မရှုမလှ ဆုတ်ခွာခဲ့ရတာလည်း အားလုံးအသိပါပဲ။ ဖျက်အားပြင်းလက်နက်အကြောင်းပြ၊ တစ်ချိန်က သူတို့ထောက်ခံခဲ့တဲ့ ဆက်ဒမ်ဟူစိန်ကိုပဲ အာဏာရှင် အကြောင်းပြပြီး အီရတ်ကို ကျူးကျော်တိုက်ခိုက်ဖျက်ဆီးခဲ့တာလည်း သမိုင်းမှာ အမည်းစက်တစ်ခုအဖြစ် စွန်းထင်ခဲ့တာ မြင်ပါလိမ့်မယ်။ အာရပ်ဆွေဦးတော်လှန်ရေးလှိုင်းအောက်မှာ လစ်ဗျားခေါင်းဆောင် ကဒါဖီကို ဖြုတ်ချချင်လို့ အာဏာရှင်အကြောင်းပြပြီး ဝင်ရောက်တိုက်ခိုက်ခဲ့တာလည်း ကမ္ဘာ့သမိုင်းမှာ အထင်အရှားရှိခဲ့ပါတယ်။ ယခုလောလောဆယ် မပြီးဆုံးသေးတဲ့ ဆီးရီးယားပြည်တွင်းစစ်ကြီးမှာလည်း ပါဝင်ပတ်သက်ခဲ့မှုတွေကြောင့် သွေးချောင်းစီးနေဆဲဖြစ်ပါတယ်။

ဝင်ရောက်စွက်ဖက်တိုက်ခိုက်ကျူးကျော်မှုများမှ အဆိုးသက်ရောက်မှုများ

ဆိုလိုတာက ကမ္ဘာ့အရေးအခင်း၊ နိုင်ငံပြည်တွင်းရေးတွေမှာ အမေရိကန် ပါဝင်ပတ်သက်ခဲ့လို့ တည်ငြိမ်အေးချမ်းတိုးတက်သွားတဲ့ နိုင်ငံ မရှိသလောက်ပါပဲ။ အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ စွက်ဖက်မှုခံရတဲ့နိုင်ငံတိုင်းမှာ အချိုးသားရေးလက္ခဏာတွေပျောက်ဆုံးပြီး စည်းလုံးညီညွတ်မှုပြိုကွဲ၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်၊ နိုင်ငံက အစိတ်စိတ်အမြွှာမြွှာဖြစ်၊ စီးပွားရေးကျဆင်း၊ ပြည်သူတွေ ဆင်းရဲမွဲတေ၊ ပြည်တွင်းစစ်ဒဏ်ကြောင့် ထိခိုက်သေကျေပျက်စီးကြရ၊ နေရပ်စွန့်ခွာထွက်ပြေးကြရပြီး အိုးမဲ့အိမ်မဲ့ဖြစ်ကြရ၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ နောက်ကျပြီး ကဏ္ဍတိုင်းမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေး၊ နောက်ဆုံးဒေသအတွင်းသို့ပါ မတည်ငြိမ်မှု ကူးစက်ပြီး ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းမှုကိုလည်း ပျက်စီးသွားစေတာ များစွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာက ဝင်ရောက်တိုက်ခိုက်ခြယ်လှယ်ခံရတဲ့ ဘယ်နိုင်ငံဖြစ်ဖြစ် ကာယကံရှင် နိုင်ငံက ပြည်သူတွေအဖို့တော့ ဒီမိုကရေစီ အရသာကို ကောင်းကောင်း မခံစားကြရဘဲ ဒုက္ခပင်လယ်ဝေပြီး မြေစာပင်ဖြစ်ကြရတာများပါတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ များစွာဆုံးရှုံးပျက်စီးရပါတယ်။ ယခုဆိုရင် အမေရိကန်ရဲ့ ဝင်ရောက်စွက်ဖက်မှုကြောင့် ဒေသတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး

စာမျက်နှာ ၇ သို့

❖ **ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ယခုလို အမေရိကန်ရဲ့ ကြေညာချက်အပေါ်မှာ ဝမ်းသာနေသူတွေ၊ ကြိတ်ပျော်နေသူတွေ မြန်မာနိုင်ငံမှာ ရှိနေတာတော့ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါတယ်။ အမေရိကန်ကာကွယ်ရေးဘတ်ဂျက်ဆိုတာ ဥပဒေအဖြစ် သက်ရောက်ပြီး နှစ်စဉ်ထုတ်ပြန်နေကျဖြစ်ပါတယ်။ ဥပဒေတစ်ခုဖြစ်သွားတော့ လုပ်ပိုင်ခွင့်လည်းပိုရသွားတဲ့ သဘောပါပဲ။ အခြားနိုင်ငံတွေရဲ့ပြည်တွင်းရေးမှာ ငွေကိုပုံအောသုံးဖို့ အမေရိကန်စစ်တပ်အတွက် "ထန်းပင်တက်လက်မှတ်ရ"သလို ဖြစ်သွားတာပါပဲ။ ဘတ်ဂျက်ကိစ္စမှာ မြန်မာဆိုတဲ့ အမည်နာမ သုံးထားတာကို မတွေ့မိပေမယ့် BBC , RFA တို့ရဲ့ ဖော်ပြချက်တွေအပေါ်မှာ အရိုးအရင်းပဲကိုက်ရကိုက်ရ၊ အမေကျော်ဌေးတော်လွမ်းသူတွေအတွက် အလွန်အကျွံ လိုရာဆွဲတွေးနေကြခြင်းသာ ဖြစ်ပါလိမ့်မယ်လို့လည်း ယူဆမိပါတယ်**

လွတ်လပ်ရေးနေ့ကြိုဆိုဂုဏ်ပြု ရေကြည်မြို့၌ မိတ္ထီလာတံတားသစ်ဖွင့်ပွဲကျင်းပ

ရေကြည် ဒီဇင်ဘာ ၂၉

(၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ညွှန်ကြားမှု၊ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုတို့ဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်ထားသော ရေကြည်မြို့အတွင်း မိတ္ထီလာတံတားသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက

အောင်ဆန်း မြို့ပတ်လမ်းရှိ ကျင်းပသည်။

အဆိုပါ တံတားမုခ်ဦးတွင် တံတားဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်းတို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး (ဝဲဘုံ) ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ တံတားပေါ်သို့ လှည်လည့်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ သံကူးကွန်ကရစ် တံတားမှာ အလျားပေ ၆၀ ၊ အနံပေ ၃၀၊ အမြင့် ၂၂ပေ၊ ကျယ်ဝန်းပြီး တံတားခံနိုင်ဝန် (ယာဉ်တစ်စီးချင်း) တန် ၃၀ ဖြစ်ပြီး တင်ဒါအောင်မြင်ခဲ့သည့် Emereld Delta ကုမ္ဍဏီမှ တင်ဒါအောင်မြင် ငွေကျပ် ၂၂၄ ဒသမ ၅၅ သန်းဖြင့် ဇွန် ၃ ရက်မှစတင်၍ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အောင်သူဟန်
(ပြန်/ဆက်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၉

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်း၊ စာပေချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့တို့ ပူးပေါင်းပြီး (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က မြို့နယ်ပြန်/ဆက်ဦးစီးဌာနတွင် ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ အမှတ်(၁)၊ အမှတ်(၄)၊ အမှတ်(၈)၊ အမှတ် (၁၀)နှင့် အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကာ မြို့နယ်စာရေးဆရာအသင်း၊ စာပေချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေး ဆုများ ရွေးချယ်သည်။

စာစီစာကုံးပြိုင်ပွဲတွင် ပထဝေနှင့် ဒုတိယဆုကို အထက(၄)မှ မအိမြအိန္ဒြေနှင့် မနှင်းအိဖြူ၊ တတိယဆုကို အထက (၁၀)မှ မောင်ကျော်သူရိန်ထွန်း၊ နှစ်သိမ့်ဆုများကို အထက (၁၀)မှ မောင်စိန်စီရာမောင်၊ အထက (၈)မှ မမေစုခင်တို့က ဆုများရရှိပြီး တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

❒ **နိုင်ငံတကာက ဝင်ရောက်တိုက်ခိုက်ခြယ်လှယ်ခံရတဲ့ ဘယ်နိုင်ငံဖြစ်ဖြစ် ကာယကံရှင်နိုင်ငံက ပြည်သူတွေအဖို့တော့ ဒီမိုကရေစီအရသာကို ကောင်းကောင်းမခံစားကြရဘဲ ဒုက္ခပင်လယ်ဝေပြီး မြေစာပင်ဖြစ်ကြရတာ များပါတယ်။ လူစွမ်းအားအရင်းအမြစ်တွေ များစွာဆုံးရှုံးပျက်စီးရပါတယ်။ ယခုဆိုရင် အမေရိကန်ရဲ့ ဝင်ရောက်စွက်ဖက်မှုကြောင့် ဒေသတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုထိန်းထားနိုင်တဲ့ အာဆီယံနိုင်ငံများအတွင်းမှာလည်း သဘောထားချင်း ထပ်တူထပ်မျှမဖြစ်တာတွေနဲ့အတူ အက်ကြောင်းလေးတွေ ရှိလာနေတာကိုလည်း အထင်အရှား တွေ့နေရပါတယ်**

စာမျက်နှာ ၆ မှ

ကိုထိန်းထားနိုင်တဲ့ အာဆီယံနိုင်ငံများအတွင်းမှာလည်း သဘောထားချင်းထပ်တူထပ်မျှ မဖြစ်တာတွေနဲ့အတူ အက်ကြောင်းလေးတွေရှိလာနေတာကိုလည်း အထင်အရှား တွေ့နေရပါတယ်။

ခြိမ်းခြောက်မှုများကြားက အားသာချက်နှင့် အခွင့်အလမ်းများရှိနေ

သို့ပေမယ့် မြန်မာ့အရေးမှာတော့ အာဖဂန်၊ အီရတ်၊ လစ်ဗျာ၊ ဆီးရီးယားစတဲ့ နိုင်ငံတွေနဲ့ မတူကွဲပြားခြားနားတဲ့ အကြောင်းတရားဖြစ်စဉ် အသွင်အပြင်နဲ့ အပြုအမူဆောင်ရွက်ချက်တွေကိုသာ သတိထား တွေ့မြင်ရပါလိမ့်မယ်။ ကျွန်တော်တို့ နိုင်ငံနဲ့လူမျိုးတွေမှာ နက်ရှိုင်းသိမ်မွေ့ပြီး အစဉ်အလာ ကောင်းတွေနဲ့ပြည့်နေတဲ့ သမိုင်းနောက်ခံနဲ့ဘာသာတရားယဉ်ကျေးမှုတွေ ရှိနေပါတယ်။ ယုံကြည်မှုနဲ့ နားလည်မှုအချို့ လိုအပ်နေသေးပေမယ့် လက်တွဲမဖြုတ်၊ သစ္စာမယွင်းတဲ့ တိုင်းရင်းသားတွေနဲ့အတူ စည်းလုံးညီညွတ်မှု အခိုင်အမာ ထာဝရရှိနေဆဲ ဖြစ်ပါတယ်။

မတည်ငြိမ်မှု အနိဋ္ဌာရုံအချို့ ရှိနေပေမယ့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနဲ့ တစ်မျိုးသားလုံးငြိမ်းချမ်းရေးအတွက် အပေါင်းလက္ခဏာ သယ်ဆောင်ပေးနေတဲ့ ခေါင်းဆောင်တွေရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ အတိတ်သင်ခန်းစာများကို ကောင်းစွာယူ၊ နိုင်ငံတကာနဲ့ ပြည်တွင်းအတွေ့အကြုံများကို ရှာဖွေနိုင်စွမ်းရှိပြီး ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်တွေနဲ့အတူ အနာဂတ်နိုင်ငံတော်ကို ပုံဖော်မယ့် ခေါင်းဆောင်တွေရှိတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

ဖြဟ္မစိုရ်တရားထွန်းကားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ကောင်းမြတ်တဲ့ဘာသာတရား အဆုံးအမများ အောက်မှာ မျိုးချစ်စိတ်ပြည့်ဝပြီး အမြော်အမြင်ရှိတဲ့ခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကိုလိုလားပြီး ကိုယ်ကျင့်တရားနဲ့ ပညာရည်ပြည့်ဝတဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေ၊ ကျောင်းသားတွေနဲ့အတူ စည်းကမ်းနဲ့စနစ်တကျရှိမှုကို ရှေ့ထားပြီး ခေတ်မီတိုးတက်အောင် တည်ဆောက်နေတဲ့ တပ်မတော်တစ်ရပ်လည်းရှိပြီး ဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးနဲ့ မဟာဗျူဟာအချက်အချာကျတဲ့ နိုင်ငံတစ်နိုင်ငံမှာ မတည်မငြိမ်ဖြစ်မှာ မလိုလားတဲ့ ပတ်ဝန်းကျင်မိတ်ဆွေနိုင်ငံများလည်း ရှိနေပါတယ်။ Unipolar ကနေ Multipolar ကမ္ဘာကို ကူးပြောင်းနေပြီး New world order ကမ္ဘာ့ပုံစံသစ် အခင်းအကျင်းအရ ယခင်ကလို အင်အားကြီး နိုင်ငံတစ်နိုင်ငံရဲ့ ကြိုးဆွဲရာအကခံမယ့် နိုင်ငံတွေ ဒီကမ္ဘာမှာ မရှိသလောက် ရှားသွားပြီလည်း ဖြစ်ပါတယ်။

မြန်မာပြည်သူတွေအနေနဲ့တော့ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်မှာ ဘယ်နိုင်ငံကဖြင့် မိမိနိုင်ငံကို မတည်ငြိမ် မငြိမ်းချမ်းအောင်၊ ဒုက္ခရောက်အောင် ဝင်စွက်ဖက်ခဲ့တယ်၊ ခြယ်လှယ်နေတယ်၊ လုပ်လည်းလုပ်နေဆဲ ဖြစ်တယ်ဆိုတာ မြင်အောင်ကြည့်စေချင်ပါတယ်။ ကိုယ်ကျိုးစီးပွားမပါဘဲ ဖြူစင်သန့်ရှင်းလွန်းတဲ့ နိုင်ငံရယ်လိုတော့ ကမ္ဘာမှာ မရှိပါဘူး။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး တိုးတက်ကြီးပွားရေးအတွက်ဆိုရင် မိမိပြည်တွင်း အင်အားကသာ အဓိကပါ။

ကမ္ဘာကြီးကို ခြယ်လှယ်ဖို့ကြိုးစားနေတဲ့ အတွေ့အားကြီးနိုင်ငံအဖို့တော့ ဒေသတွင်း စိုးမိုးနိုင်ရေး မြန်မာလိုနိုင်ငံမျိုးကို အကျိုးလိုလို့ ညောင်ရေလောင်းပြီး အမြစ္စွက်ဖက်ဖို့ ကြိုးစားနေမှာ ဖြစ်တဲ့အတွက် အသိနဲ့သတိ အမြဲရှိနေဖို့လိုအပ်နေမှာ ဖြစ်ပါတယ်။ အပြန်အလှန်စိုးမိုးဖို့ ကြိုးစားကြတဲ့ အင်အားကြီးတွေကြားမှာ မြေစာပင်မဖြစ်ဖို့ ကြိုးစားရင်း ကိုယ့်ကိုယ်ကိုယ် ကိုယ်ခံအားကောင်းအောင် တည်ဆောက်နေကြရမှာပဲ ဖြစ်ပါတယ်။ နိုင်ငံအရေးနဲ့ပတ်သက်လာရင် တိုင်းပြည်ကို ဖျက်ဆီးသူမဖြစ်မိအောင်၊ သမိုင်းနဲ့ ယဉ်ကျေးမှုကို ပျက်စီးစေသူမဖြစ်မိအောင် ကြိုးစားရင်း တစ်ပါးသူကို အထင်ကြီးအားကိုးချင်စိတ်၊ တစ်ပါးနိုင်ငံကိုသာ သိက္ခာမရှိ ချစ်ချင်တဲ့စိတ်၊ ပထွေးကိုအဖေတော်ချင်တဲ့စိတ်တွေကို နိုင်ငံရေးအသိနဲ့ ဖြေဖျောက်ပစ်ရမှာပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားရင် ပြည်ပအားကိုးချင်စိတ်တွေကို ဖျောက်ဖျက်ပစ်ရမှာပဲ ဖြစ်ပါတယ်။ တကယ်တော့ တစ်ပါးနိုင်ငံကြီးရဲ့ သူ့မဟာဗျူဟာ အကျိုးစီးပွားသက်သက် ရည်ရွယ်ပြဋ္ဌာန်းထားတဲ့ NDAA ကိုသာ မျှော်ကိုးတမ်းတနေမယ်ဆိုရင်တော့ ငြိမ်းချမ်းနေတဲ့ဒေသတွေမှာ ကမ္ဘာမီးလောင် သားကောင်ချနင်းလိုသူတွေ ပြန်လည်နိုးထလာပြီး မတည်ငြိမ်ခြင်းတွေသာ ပြန်လည်လွှမ်းမိုးလာမယ်ဆိုတာ အသေအချာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

✪ **ပြဟ္မစိုရ်တရားထွန်းကားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ကောင်းမြတ်တဲ့ဘာသာတရား အဆုံးအမများအောက်မှာ မျိုးချစ်စိတ်ပြည့်ဝပြီး အမြော်အမြင်ရှိတဲ့ခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကိုလိုလားပြီး ကိုယ်ကျင့်တရားနဲ့ ပညာရည်ပြည့်ဝတဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေ၊ ကျောင်းသားတွေနဲ့အတူ စည်းကမ်းနဲ့စနစ်တကျရှိမှုကို ရှေ့ထားပြီး ခေတ်မီတိုးတက်အောင်တည်ဆောက်နေတဲ့ တပ်မတော်တစ်ရပ်လည်းရှိပြီး ဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးနဲ့ မဟာဗျူဟာအချက်အချာကျတဲ့ နိုင်ငံတစ်နိုင်ငံမှာ မတည်မငြိမ်ဖြစ်မှာ မလိုလားတဲ့ ပတ်ဝန်းကျင်မိတ်ဆွေနိုင်ငံများလည်း ရှိနေပါတယ်။ Unipolar ကနေ Multipolar ကမ္ဘာကို ကူးပြောင်းနေပြီး New world order ကမ္ဘာ့ပုံစံသစ် အခင်းအကျင်းအရ ယခင်ကလို အင်အားကြီးနိုင်ငံတစ်နိုင်ငံရဲ့ ကြိုးဆွဲရာအကခံမယ့်နိုင်ငံတွေ ဒီကမ္ဘာမှာ မရှိသလောက် ရှားသွားပြီလည်း ဖြစ်ပါတယ်**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး

လွတ်လပ်အမွေ စောင့်ထိန်းလေ

လွန်းပိုးအိမ်

ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသည့်အခါ ပို၍သိရသကဲ့သို့ လွတ်လပ်ခြင်း၏ တန်ဖိုးအနှစ်သာရကို လွတ်လပ်ရေး ဆုံးရှုံးသည့်အခါတွင် ပိုမိုသိရှိကြလိမ့်မည်ဖြစ်သည်။ စာရေးသူသည် လွတ်လပ်ရေးရပြီး နောက်ပိုင်းမှသာ မွေးဖွားလာသည့်အတွက် သူ့ကျွန်ဘဝရောက်ရှိစဉ် အတွေ့အကြုံများကို သမိုင်းစာမျက်နှာများမှ ပညာရှင်များ ၊ စာရေးဆရာများ ရေးသားသော စာအုပ်များကို ဖတ်ရှုခဲ့ရပြီး စာသိ၊ တစ်ဆင့် အသိဖြင့်သာ သိရှိလေ့လာခဲ့ရပါသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အဖြစ်သနစ်များ၊ နာကြည်းကြေကွဲဖွယ် ခံစားမှုများကို စာပေများထဲမှာသာ ဖတ်ရှုခဲ့ရဖူးပါသည်။



လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး
ဗိုလ်ချုပ်အောင်ဆန်း

ကိုယ့်တွေ့ခံစားမှုများ

လွတ်လပ်ရေးဟုဆိုရာဝယ် ဆရာကြီးမင်းသုဝဏ်၏ ကြေကွဲဖွယ် ခံစားမှုကို ရေးသားဖော်ပြလိုပါသည်။ ဆရာကြီးမင်းသုဝဏ်သည် ၁၉၃၆ ခုနှစ်တွင် အစိုးရပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်သို့ သွားခွင့်ရခဲ့ပါသည်။ စူးအက်မြို့တွင် ကျောက်ချရပ်နားစဉ် အီဂျစ်အစိုးရက မော်တော်ဘုတ်ဖြင့် သင်္ဘောကို လာရောက်စစ်ကြရာ မော်တော်ဘုတ်တွင်ပါသော အီဂျစ်အလံကို သာ အလေးပြုခဲ့ရသည့်အဖြစ်ကို တွေးမိသည့်အတွက် ဆရာကြီး၏ စိတ်ထဲတွင် အလွန်ဝမ်းနည်းကြေကွဲခဲ့ရပါသည်။ အင်္ဂလန်ရောက်သည့်အခါတွင်လည်း လွတ်လပ်သောနိုင်ငံ၏ လွတ်လပ်သည့် လူမျိုးများကို တွေ့ရပါသည်။ လွတ်လပ်သည့်နိုင်ငံများသို့ သွားရောက်လေ့လာလည်ပတ်ပြီးတိုင်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် အားမလိုအားမရဖြစ်ပြီး ရင်ထဲ၌ ဆို့နင့်ကြေကွဲရပုံကို ဖတ်ရှုလေ့လာခဲ့ရပါသည်။ ဤသည်တို့မှာ မြန်မာနိုင်ငံ မလွတ်လပ်သေးမီက ကမ္ဘာပေါ်ရှိ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သည့် လူမျိုးတို့နှင့် ထိတွေ့ဆက်ဆံ ရသူတို့၏ ရင်ထဲမှ ကိုယ့်တွေ့ခံစားမှုများပင် ဖြစ်ပါသည်။

နည်းပရိယာယ်မျိုးစုံတို့ဖြင့် လွှမ်းမိုးချုပ်ကိုင်နေသော နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးသည် ပြောသလောက် မလွယ်ကူလှပါ။ ကာလအကန့်အသတ်မရှိ တော်လှန်ရသော လုပ်ငန်းဖြစ်၍ အပျော်တမ်းနိုင်ငံရေးအမြင်ဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ မဆုတ်မနစ်သောဇွဲ၊ အနိုင်မခံ အရှုံးမပေးသောစိတ်၊ ရဲရင့်နီဝေးသော သတ္တိများဖြင့် တည်ဆောက်ထားခဲ့ရခြင်းဖြစ်ပါသည်။ တိုင်းရင်းသားများသည်လည်း အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားပြီး အနစ်နာခံမှုများကို အရင်းတည်ကာ ကြိုးပမ်းအားထုတ်ခဲ့ကြသည်ကို အတိတ်သမိုင်းကြောင်းများကို ပြန်ပြောင်းလေ့လာကြည့်ပါက တွေ့ရပေလိမ့်မည်။

"လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ဆက်လွတ်လပ်ရေးရဲ့အရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့ စည်းကမ်းရှိကြဖို့၊ အခုကတည်းက ခင်ဗျားတို့ကိုယ်က အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီ"ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးနှင့် ပတ်သက်၍ တိုင်းသူပြည်သားများကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် မြို့တော်ခန်းမ၌ ပြောကြားသော မိန့်ခွန်းမှတစ်ဆင့် တိုက်တွန်းခဲ့သည်။ လွတ်လပ်ရေးဗိသုကာကြီးသည် တိုင်းရင်းသားအားလုံး လွတ်လပ်ရေးကို တန်ဖိုးထားတတ်စေရန် စေတနာထား ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

အမိနိုင်ငံသည် (၁၃၀၉ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်) ခရစ်နှစ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ်သို့ ရောက်ရှိခဲ့ရာ ယခု ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၄) နှစ်မြောက် ရက်မြတ်နေ့လည်း ဖြစ်ပါသည်။

အသက်ပေး၍ ကြိုးပမ်းအားထုတ်ခဲ့ကြ

လွတ်လပ်ရေးဟူသည် လူသားတိုင်း၏ အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ လူတိုင်းသည် သဘာဝအားဖြင့် လွတ်လပ်စွာ နေထိုင်လိုကြသည်။ သူတစ်ပါး၏ လွှမ်းမိုးမှု၊ ချုပ်ချယ်မှုကို ခံလိုသူဟူ၍ကားလောကတွင် ရှိလိမ့်မည်မဟုတ်ပေ။ ကမ္ဘာပေါ်တွင် မည်သည့်တိုင်းပြည်၊ မည်သည့် လူမျိုးမဆို အခြားသူများ၏ ချုပ်ချယ်မှု၊ ခြယ်လှယ်မှု၊ အာဏာပြုမူတို့ကို မခံလိုကြပေ။ ထို့ကြောင့် ကမ္ဘာအရပ်ရပ်ရှိ ချုပ်ချယ်ခြင်းခံရသော တိုင်းပြည်အသီးသီးတို့သည် မိမိတို့ လွတ်လပ်ရေးအတွက် အသက်ပေး၍ ကြိုးပမ်းအားထုတ်ခဲ့ကြကြောင်း ရာဇဝင်အထောက်အထားများ ရှိပေသည်။

လွတ်လပ်သောပြည်ထောင်စုသားများ ဖြစ်လာကြရာ လွတ်လပ်သူများပီပီ မည်သည့်ကိစ္စကိုမဆို စည်းမရှိ၊ ကမ်းမရှိ လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့်ရှိသည်ဟု လွတ်လပ်ရေး၏အဓိပ္ပာယ်ကို တွေးဆကောက်ယူကြမည်ဆိုပါက ဤယူဆချက်မှာ လုံးဝမှားပေလိမ့်မည်။

လွတ်လပ်သောတိုင်းသူပြည်သားတို့မည်သည် စည်းကမ်းသေဝပ်ကြရမည်။ မိမိတို့တိုင်းပြည်၏ အခြေခံဥပဒေ၊ တရားဥပဒေ၊ စည်းကမ်းဥပဒေမှစ၍ မိမိတို့သက်ဝင်ယုံကြည်သော ဘာသာ၊ သာသနာ၏ စည်းမျဉ်းဥပဒေ၊ ယဉ်ကျေးမှု၊ စည်းကမ်းများကိုပါ အခြားသူများထက် ပိုမိုကျင့်သုံးသိရှိလိုက်နာပြီး လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စအဝဝနှင့် ပြဿနာ အဖြာဖြာတို့ကိုလည်း ယင်းစည်းမျဉ်း ဥပဒေများနှင့် အညီ ဖြေရှင်းဆောင်ရွက်ရပါမည်။ ယင်းကဲ့သို့ စည်းကမ်းသေဝပ်၍ မြင့်မြတ်

ပြည်ထောင်စုကြီး၏ လွတ်လပ်ရေး အဓွန့်ရှည်စွာ တည်မြဲရေး၊ တိုင်းသူပြည်သားများ အဘက်ဘက်တွင် တိုးတက်ရေး၊ လွတ်လပ်ရေး၏အရသာကို ပြည်ထောင်စုသားတိုင်း ကျေပ်ပြည့်တင်းပြည့် ခံစားနိုင်ရေးအတွက် ကြိုးပမ်းရန်လည်း လူမျိုးတိုင်း၊ ဘာသာဝင်တိုင်း၏ တာဝန်ပင်ဖြစ်ပါသည်

သော အရည်အချင်းနှင့် ပြည့်စုံသူများသည်သာလျှင် လွတ်လပ်သော နိုင်ငံသားများ ပီသနိုင်ကြပါမည်။

လွတ်လပ်သော မြန်မာနိုင်ငံတော်အတွင်း မီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားများကို ကြည့်မည်ဆိုလျှင် လူမျိုးအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် လူမျိုးများရှိ၍ ကိုးကွယ်သည့် ဘာသာအားဖြင့် ဗုဒ္ဓဘာသာ၊ အစ္စလာမ် ၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် နတ်ကိုးကွယ်သည့်ဘာသာ စသဖြင့်အသီးသီးရှိနေကြသည်ကို တွေ့ရှိရပါမည်။ ပြည်ထောင်စုသားများအနေဖြင့် ပြည်ထောင်စု၏ ဥပဒေများကို တိကျစွာ လိုက်နာကျင့်သုံးကြရမည့်အပြင် ဘာသာအချင်းချင်း၊ လူမျိုးအချင်းချင်းတွင် ရှိနေသော ဘာသာရေးစည်းမျဉ်းများ၊ လူမျိုးရေး ထုံးတမ်းစဉ်လာများနှင့် ယဉ်ကျေးမှုအဖြာဖြာတို့ကိုလည်း ထောက်ထားလေးစားရပေဦးမည်။

ပြည်ထောင်စုကြီး၏ လွတ်လပ်ရေးအဓွန့်ရှည်စွာ တည်မြဲရေး၊ တိုင်းသူပြည်သားများ အဘက်ဘက်တွင် တိုးတက်ရေး၊ လွတ်လပ်ရေး၏အရသာကို ပြည်ထောင်စုသားတိုင်း ကျေပ်ပြည့်တင်းပြည့် ခံစားနိုင်ရေးအတွက် ကြိုးပမ်းရန်လည်း လူမျိုးတိုင်း၊ ဘာသာဝင်တိုင်း၏ တာဝန်ပင်ဖြစ်ပါသည်။

လွတ်လပ်ရေးကို ရယူစဉ်က တိုင်းရင်းသားတို့၏ ညီညွတ်ရေးလက်နက်ကို အသုံးပြုခဲ့သည့် နည်းတူ ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းပြည် စည်ပင်သာယာဝပြောရေးတို့တွင်လည်း ပြည်ထောင်စုသားတို့၏ ညီညွတ်ရေးကိုပင် အသုံးပြုရပါမည်။

ညီညာဖြဖြ ထမ်းဆောင်ကြရန်လို

ပြည်ထောင်စုအတွင်းရှိ လူမျိုးအချင်းချင်း၊ ဘာသာဝင်အချင်းချင်းတို့သည် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံနေထိုင်ကြလျက် မိမိတို့ တတ်နိုင်သည့်ဘက်က ပြည်ထောင်စုကြီး၏အကျိုးကို ညီညာဖြဖြ ထမ်းဆောင်ကြရန် လိုအပ်ပါသည်။ မြန်မာ့လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်း၏ ပခုံးပြောင်းတာဝန်ဖြစ်၏။ သို့ဖြစ်ရာ နိုင်ငံသားတိုင်းသည် လွတ်လပ်ရေးကို ထာဝစဉ် ချစ်ခင်မြတ်နိုးစိတ်၊ ကာကွယ်စောင့်ရှောက်လိုသည့်စိတ်များ၊ အမြဲကိန်းအောင်းနေကြရန်အတွက် လက်ဆင့်ကမ်းပေးကြပါရန် နောင်အနာဂတ် ခေါင်းဆောင်လောင်းများဖြစ်သော လူငယ်များကို တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။ ။

တက္ကသိုလ်နေ့သင်တန်းများ ၆-၁-၂၀၂၂ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
တက္ကသိုလ်နေ့သင်တန်းများဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် (၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များအတွက် အောက်ပါဘွဲ့သင်တန်းအသီးသီးကို (၆-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(က) ဥပဒေပညာ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ခ) ပညာရေး စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ဂ) မဟာအရည်အချင်းစစ်သင်တန်း (ပထမနှစ်ဝက်)
(ဃ) မဟာဘွဲ့သင်တန်း ပထမနှစ် (ပထမနှစ်ဝက်)
(င) မဟာဘွဲ့သင်တန်း ဒုတိယနှစ် (ပထမနှစ်ဝက်)

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ပုံပြင်ပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ပုံပြင်ပြောပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန် အနောက်ပိုင်းခရိုင် (ဗဟန်း)လူထုအခြေပြုဗဟိုဌာနခွဲကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ လွတ်လပ်ရေးဆိုင်ရာ ဗဟုသုတများ သိရှိနားလည်ပြီး ဥာဏ်ရည် ထက်မြက်သည့် ဘက်စုံထူးချွန်သော လူရည်မွန်၊ လူရည်ချွန်များ ဖြစ်လာစေရန်၊ မျိုးချစ် စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရင်သန်ထက်မြက်ပြီး နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရမည့် လူချွန်၊ လူကောင်းများဖြစ်လာစေရန်ရည်ရွယ်၍ ကျင်းပရာ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံ(၃) ဒေါ်မြနှင်းဝေက လွတ်လပ်ရေးနှင့် ပတ်သက်သည့် သိကောင်းစရာ အသိပညာပေး ပုံပြင်များကို ပြောကြားသည်။

ဆက်လက်၍ ဆေးရောင်စုံခြယ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ ဖြင့်လည်းကောင်း၊ စကားပုံဆက်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀ ဖြင့်လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် ဝန်ထမ်းများက (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။**အာကာလင်း**

သီပေါမြို့နယ်၌ လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းပြသ

သီပေါ ဒီဇင်ဘာ ၂၉

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် စာအုပ်စာစောင်ဓာတ်ပုံပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လူစည်ကားရာ မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဘေးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ ဆိုင်းဘုတ်၌လည်း ပြည်သူများ အသိပညာဗဟုသုတများရရှိစေရန်၊ စာပေအနှစ်သာရကို သိရှိစေရန်တို့အပြင် လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ယနေ့လူငယ်နောင်ဝယ်လူကြီး ဖြစ်လာကြမည့် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် ကာကွယ်စောင့်ရှောက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အသိပညာပေးစာစောင်များ ပြသထားရာ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို ယမန်နေ့က တွေ့မြင်ခဲ့ရသည်။

စိုင်း(သီပေါ)

ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား လွတ်လပ်ရေးနေ့အကြောင်းသိကောင်းစရာ အသိပညာဗဟုသုတ တိုးပွားစေရေး ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂၉ ရက်က အခမဲ့ဖြန့်ဝေပေးစဉ်။

ထားဝယ်ခရိုင်(ပြန်/ဆက်)

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပစဉ်။

သိန်းနိုင်(ပြန်/ဆက်)

ခင်ဦးမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်

ခင်ဦး ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် အဖွဲ့ဝင်တို့က ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ၁၀ ဦး ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ **စိုးဝေအောင်(ခင်ဦး)**

မြဝတီမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မြဝတီ ဒီဇင်ဘာ ၂၉

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လက်အောက်ခံ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ ဖူဆယ်စတားဘောလုံးကွင်း၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲကို (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် မြို့နယ်အတွင်း၌ မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲမှ ဆုရရှိသည့်အသင်းများကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ ဦးစီးအရာရှိ ဦးနိုင်စိုးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ ချောင်းဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်နှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးကျော်အောင်၊ မြို့နယ်ပညာရေးမှူး ဦးစိန်ချွန်တို့ ကြည့်ရှုအားပေးစဉ်။ ဝင်းမြင့်အောင်(ပြန်ဆက်)

တိကျ၊ မှန်ကန်၊ မြန်ဆန်ပါစေ

တောသားလေး

ကျွန်တော်တင်ပြချင်တဲ့ အကြောင်းအရာက ထိရောက်အောင်မြင်စေတဲ့ အခြေခံသဘောသုံးချက်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်အစီရင်ခံလိုက်တဲ့အခါ လူကြီးများက "ဒါဟာ တို့သုံးနေတာတွေပဲလေကွာ" လို့ ပြောကြမှာပါ။ လူလတ်ပိုင်း ပုဂ္ဂိုလ်တွေကလည်း "ဒါလေးများ ကျွန်တော်လည်း သိပြီးသားပါ"လို့ ဆိုကြမှာ သေချာမလွဲပါပဲ။ လူငယ်တချို့က "ကျွန်တော်တို့လည်း ကြားဖူးပါတယ်"လို့ ပြောဆိုကြပေလိမ့်မယ်။

သစ်လွင်ဆန်းကြယ်တဲ့အကြောင်းအရာတွေတော့ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်တို့ အစိုးရဝန်ထမ်းအရာရှိဘဝ အကြီးအကဲအဖြစ် အပါအဝင် နှစ်ပေါင်း ၄၀ လောက် ထမ်းဆောင်ခဲ့ရလေတော့ အတွေ့အကြုံထဲက အဆီအနှစ်ကို မျှဝေတင်ပြနေခြင်းသာ ဖြစ်ပါတယ်။ သိပြီးသား၊ ကြားဖူးပြီးသား စာဖတ်သူတွေအတွက် ထပ်မံကြားသိရပြန်တယ်လို့ ယောနိသော မနသိကာရနဲ့ သဘောထားပေးပါခင်ဗျာ။ လိုရင်းတိုရှင်းတင်ပြမှာပါ–

ဘယ်အလုပ်ပဲလုပ်လုပ်
ဘယ်စာပဲ ရေးရေး
ဘယ်စကားပဲ ပြောပြော

ယခုကျွန်တော်အစီရင်ခံမယ့် အခြေခံသဘောတရားသုံးချက်နဲ့ ပြည့်စုံပါမှ အလုပ်ဟာ အောင်မြင်မယ်၊ စာရေးတဲ့ ရည်ရွယ်ချက်ဟာ ချောမောမယ်၊ ပြောရတဲ့စကားဟာ အဆင်ပြေပါလိမ့်မယ်။ အဲဒါ ဘာတွေလဲ။

(တစ်) တိကျရမယ်ဆိုတဲ့ သဘောတရားပါခင်ဗျာ။

ဒီအချက်ကို လက်ကိုင်ထားပြီး လက်တွေ့ကျင့်သုံးနေပြီလား၊ ကောင်းတာပေါ့။ ဒါကြောင့်လည်း အရာရာကြံစည်သမျှ အထမြောက်ပြီး ပြောဆိုသမျှ အောင်မြင်နေခဲ့တာပေါ့။ တိကျတဲ့ အလုပ်လုပ်ပုံ၊ တိကျတဲ့စကားပြောပုံဟာ တာဝန်ကြီးလေလေ အမှန်တကယ် လိုအပ်လေလေပဲ။ ရှင်းရှင်းလင်းလင်း တိတိကျကျဆိုရင် အောင်မြင်မှာပဲ။

တိတိကျကျမဖြစ်ရင် တလွဲတချော်နဲ့ ခရီးမတွင်ကြောင်း လုပ်ငန်းခွင်အတွေ့အကြုံရှိသူတိုင်း သိကြပါတယ်။ ဟုတ်ပြီ။ ဘာတိကျရမှာလဲလို့ မေးစမ်းပါဦး။ တိကျရမှာ(၆)ချက် ရှိပါတယ်။ အင်္ဂလိပ်လိုပါ မှတ်ချင်ရင်–

(၁) ဘယ်သူ Who
(၂) ဘယ်အချိန် When
(၃) ဘယ်မှာ Where
(၄) ဘာကို What
(၅) ဘာကြောင့် Why
(၆) ဘယ်လို How ဆိုတဲ့ (၆) ချက်

လက်အောက်ငယ်သားများကို အမိန့်ပေးရာမှာပဲဖြစ်ဖြစ်၊ ညွှန်ကြားရာမှာပဲဖြစ်ဖြစ် ဘယ်သူက ဘာလုပ်ရမယ်၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာကို၊ ဘာကြောင့်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ တိတိကျကျ စီမံခန့်ခွဲရပါမယ်။ ဒါဟာအုပ်ချုပ်မှုပညာလည်း ဟုတ်တယ်။ စီမံခန့်ခွဲနည်းပညာလည်းဖြစ်တယ်။ မိမိရဲ့ အထက်အကြီးအကဲများကို တင်ပြရှင်းလင်းတဲ့အခါမှာလည်း အလားတူပဲ။ ဘ ခြောက်လုံးနဲ့ စနစ်တကျ ရှင်းလင်းတင်ပြရမှာ ဖြစ်ပါတယ်။

အလုပ်လုပ်ရာမှာဖြစ်စေ၊ စကားပြောဆိုရာမှာဖြစ်စေ၊ ကုမ္ဍကီ တစ်နဲ့တစ်ခု၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ ဒီအချက် (၆)ခုမှာ တိတိကျကျ ပြောဆိုရေးသား၊ လုပ်ဆောင်ကြရပါတယ်ခင်ဗျာ။ အသက်အရွယ်ကြီးကြီးငယ်ငယ် ဘယ်သူဘယ်ဝါဖြစ်ပါစေ...။ ယခု ကျွန်တော်တင်ပြတဲ့ ဘယ်သူ/ဘယ်အချိန်/ဘယ်နေရာ/ ဘာကို/ဘာကြောင့်/ဘယ်လို လုပ်ကြမယ်ဆိုတဲ့ (ဘ) ခြောက်လုံးစနစ် သဘောကို ကျက်မှတ်ပြီး အရာရာလုပ်ကိုင်/ အရာရာပြောဆို/ အရာရာစဉ်းစားသုံးသပ်ရင် ဘာမဆို ယခင်ကထက် သိသိသာသာ တိုးတက်အဆင်ပြေတာ သေချာပေါက်ပေါ့ခင်ဗျာ။ ဒီသဘောတရားဟာ မြန်မာပြည်မှာလည်း မှန်တယ်။ အင်္ဂလန်မှာလည်း မှန်တယ်။ စင်ကာပူမှာလည်း မှန်တာပဲ။ လူလူချင်း ဆက်ဆံရာတွင် ဒီလိုမျိုးတိကျရင် အကျိုးရှိတယ်။ ချောမွေ့တယ်။

> ❒ **လုပ်တော့လုပ်တာပဲ၊ လုပ်တာက မှားနေတယ်ဆိုပါစို့။ တစ်ညလုံး မအိပ်ဘဲလုပ်ခဲ့လည်း အလကားပဲ။ မှားတာပါရင် ချက်ချင်းပြင်ရမယ်။ အမှားတွေပါနေခဲ့ရင် တစ်လလုံးလုံး မနားမနေလုပ်လည်း အချည်းနှီးပါပဲ**
>
> ❒ **အနှစ် ၂၀ လုံးလုံး ထောင်ကျခံပြီး ကြိုးစားခဲ့တာပါ။ ထည့်ပြောမနေနဲ့၊ အပိုပဲ။ အဲဒါလည်း လမ်းမှားနေရင် ဘဝမှာ ဘာမှအသုံးမဝင်ဘူး။ နိုင်ငံအတွက် အကျိုးမပြုနိုင်ခဲ့ဘူး**
>
> ❒ **မှားတာတွေ လုပ်နေတာ အရေအတွက် ဘယ်လောက်များများ၊ အချိန်တွေ ဘယ်လောက်ပဲ ကုန်ခဲ့ကုန်ခဲ့၊ ဒါတွေဟာ ဂုဏ်ယူစရာလည်း မဟုတ်ဘူး။ ထည့်ပြောနေစရာလည်း မလိုအပ်ဘူး**

ဒုတိယအချက် အခြေခံသဘောက (နှစ်) မှန်ကန်ရပါတယ်။

လုပ်တော့လုပ်တာပဲ၊ လုပ်တာက မှားနေတယ်ဆိုပါစို့။ တစ်ညလုံး မအိပ်ဘဲလုပ်ခဲ့လည်း အလကားပဲ။ မှားတာပါရင် ချက်ချင်းပြင်ရမယ်။ အမှားတွေပါနေခဲ့ရင် တစ်လလုံးလုံး မနားမနေလုပ်လည်း အချည်းနှီးပါပဲ။

အနှစ် ၂၀ လုံးလုံး ထောင်ကျခံပြီး ကြိုးစားခဲ့တာပါ။ ထည့်ပြောမနေနဲ့၊ အပိုပဲ။ အဲဒါလည်း လမ်းမှားနေရင် ဘဝမှာ ဘာမှ အသုံးမဝင်ဘူး။ နိုင်ငံအတွက် အကျိုးမပြုနိုင်ခဲ့ဘူး။

မှားတာတွေ လုပ်နေတာ အရေအတွက် ဘယ်လောက်များများ၊ အချိန်တွေ ဘယ်လောက်ပဲ ကုန်ခဲ့ကုန်ခဲ့၊ ဒါတွေဟာ ဂုဏ်ယူစရာလည်း မဟုတ်ဘူး။ ထည့်ပြောနေစရာလည်း မလိုအပ်ဘူး။ သဘောတရားအရ လိုရင်းက မှန်ကန်ဖို့သာ အဓိကကျလို့ပါ။ "သဒိသံ ပါကံ ဇနေတိ" မိမိပြုလုပ်လိုက်တဲ့ အကြောင်းကံအတိုင်းသာ တူညီမျှတဲ့ အကျိုးကို ရကြလိမ့်မယ်လို့ တိကျရှင်းလင်းစွာ ဟောကြားတော်မူခဲ့ပါတယ်။ မှန်ရာကိုသာ လုပ်ပါ။ ဒုစရိုက် အကုသိုလ်တွေမှာ မပျော်ပိုက်ပါနဲ့။ အမှားအမှန် အမြဲစိစစ်ပါ၊ မှားနေရင်ပြင်လိုက်ပါ။ ခေါင်းမမာနဲ့။

အလုပ်မှန်ကန်မှ အကျိုးရှိမှာပါ။
အပြောမှန်မှ ကောင်းကျိုးရမှာပါ။
အတွေးအကြံမှန်မှ တန်ဖိုးရှိပါတယ်။

မှားတာကို မရွေးချယ်မိပါစေနဲ့။ အားလုံးကို ဆိုးကျိုးရိုက်ခတ်တယ်။ လုပ်ရပ်မှန်ကန်ဖို့ရာ အဓိကထားပြီး သုံးသပ်တတ်ရပါတယ်ခင်ဗျာ။ ကောင်းကျိုးပြုမှာလား၊ ဆိုးကျိုးသက်ရောက်စေမှာလား၊ ပုညကုသလလား၊ ပါပဒုစရိုက် ဂြိုဟ်ဆိုးအလုပ်မျိုးလား။ ခွဲခြားတတ်ရပါမယ်။

အတွေး၊ အပြော၊ အလုပ်၊ ဒါတွေဟာ မှန်ကန်ရမယ်။ မမှန်မကန် မရိုးမသားလုပ်နေတာမျိုးက ဘေးချော်ကျမှာပဲ။ အမှားတွေကို ဇွဲရှိရှိနဲ့၊ သတ္တိကောင်းကောင်းနဲ့ အသက်စွန့်ပြီး လုပ်ပေမယ့်လည်း သဲထဲရေသွန်သလို ဖြစ်နေမယ်။ မှားနေသေးရင် မှန်အောင်ပြင်။

မှန်ကန်ရမယ်ဆိုတဲ့အချက်ရဲ့ လေးနက်မှုကို လက်တွေ့ဘဝမှာ အသုံးချရပါတယ်။

(သုံး) သဘောတရား တတိယအချက်က မြန်ဆန်ရမယ်ဆိုတဲ့ အချက်ပါ။ တိတိကျကျ ဖြစ်အောင်လုပ်ပါတယ်။ မှန်မှန်ကန်ကန် ဖြစ်အောင် သေသေချာချာ သုံးသပ်စစ်ဆေးပြီး လုပ်ခဲ့ပါတယ်။ ဟုတ်ကဲ့ အချိန်တော်တော်ကြာသွားပါတယ်ဆိုရင် အလာကောင်းပေမယ့် အခါနှောင်းသွားတယ်။ နောက်ကျရင် အကျိုးရှိသင့်သလောက် အကျိုးမရှိ။

ဂြိုဟ်တုခေတ်၊ ဒုံးပျံခေတ်၊ အင်တာနက်ခေတ်၊ သူများတွေက မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက် အချိန်လေးမှာ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက်နဲ့ ပြီးမြောက်အောင် လုပ်ဆောင်နေကြပါတယ်။ အချိန်ကို ထည့်စဉ်းစားရပါမယ်။

ကိုယ်လုပ်နေတဲ့အလုပ်က နိုင်ငံတကာစံချိန် မမြန်ရင်တောင် နေးကွေးကြန့်ကြာနေတာမျိုး မဖြစ်စေရအောင် ကြိုတင်ပြင်ဆင်သင့်ပါတယ်။ စောလေကောင်းလေ။

တိကျတာချင်း၊ မှန်တာချင်း တူကြရင် မြန်တဲ့သူက လက်ဦးမှုနဲ့ အနိုင်ယူသွားပေလိမ့်မယ်။ မိမိတို့က နောက်မကျအောင် အများကြီး ကြိုးစားကြရမှာပေါ့။

– တိတိကျကျ လုပ်ဆောင်တတ်ရပါမယ်။
– မှန်မှန်ကန်ကန် စွမ်းဆောင်တတ်ကြတယ်။
– မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်ကြရတယ်။

ကောင်းပါပြီ။ ဒါဆိုရင် ကျွန်တော်တို့လူမျိုးတွေဟာ အလုပ်ကို အရည်အသွေးမြင့်မြင့်နဲ့ ဆောင်ရွက်နိုင်စွမ်းရှိသူတွေ ဆိုရပါလိမ့်မယ်။ မကြာခင်မှာ တိုးတက်လာတော့မယ်။

အရည်အသွေး၊ အရည်အချင်းနိမ့်တဲ့သူတွေက မတိမကျ မရေမရာ လုပ်ကိုင်ကြတယ်။ ပြောဆိုကြတယ်။ စဉ်းစားတဲ့နေရာမှာလည်း (ဘ) ခြောက်လုံး ပြည့်ပြည့်စုံစုံ တိတိကျကျ မစဉ်းစားခဲ့ဘူး။ အရည်အသွေးမမီတဲ့ အပြောတွေ၊ အလုပ်တွေနဲ့ အချိန်ကုန်သွားတတ်ပါတယ်။

မှန်မှန်ကန်ကန်လည်း မဆုံးဖြတ်တတ်ဘူး။ ပုလား ပ,လား၊ ပုမသိ ပမသိ (ဘုမသိ ဘမသိ) အကောင်းလား အဆိုးလား မဝေခွဲတတ်ခဲ့ဘူး။

လုပ်တာကိုင်တာလည်း ထက်ထက်သန်သန် တက်တက်ကြွကြွ မရှိတော့ နေးကွေးလေးလံတယ်။ အလုပ်တစ်ခုပြီးဖို့ရာ အချိန်အကြာကြီး ကြာတတ်တယ်။ မရောင်ရာကို ဆီလူးနေမိတယ်။

ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးဟာ ယခုနှစ်ဆယ့်တစ်ရာစု လူသစ် စိတ်သစ်၊ အားမာန်သစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်တည်ဆောက်နေကြတာ မဟုတ်လား။ ကျရာတာဝန်၊ ရောက်ရာနေရာက ဘာပဲလုပ်ရလုပ်ရ "တိတိကျကျ၊ မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်" စွမ်းဆောင်နိုင်ကြသူတွေဖြစ်နေရင် အားလုံးအစစ အရာရာ အောင်မြင်မှာမလွဲ။ တိုးတက်မှာပါပဲ။ ကျွန်တော်တို့ဟာ စိတ်ဓာတ်ကောင်းတယ်။ စွမ်းရည်ရှိကြပါတယ်။ ဇွဲသတ္တိ ပြည့်စုံပါတယ်။

တိကျ၊ မှန်ကန်၊ မြန်ဆန်အောင် သူများနိုင်ငံမှ သူများလူမျိုးတွေ လုပ်နိုင်ကြသလို ကျွန်တော်တို့က ဘာလို့ မလုပ်နိုင်ရမှာလဲ။ ကိုယ်လုပ်တဲ့အလုပ်၊ ကိုယ်ပြောတဲ့စကား၊ ကိုယ်စဉ်းစားတဲ့အတွေး ပရမ်းပတာ၊ မရေမရာ မဖြစ်သင့်ဘူးလေ။ တိကျလေ ကောင်းလေ၊ မှန်ကန်လေ အကျိုးရှိလေ။ မြန်ဆန်လေ တိုးတက်လေလေ မဟုတ်ပါလား။

တိကျ မှန်ကန် မြန်ဆန်ပါစေ...။ အောင်ပွဲတွေက ရှေ့မှာ ကြိုဆိုနေကြတယ်လေ။ ။

သံတောင်ကြီးမြို့နယ် လဘက်အင်းကျေးရွာ၌ လျှပ်စစ်မီးရရှိ

သံတောင်ကြီး ဒီဇင်ဘာ ၂၉

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လဘက်အင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေနှင့် ကျေးရွာနေပြည်သူများ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီး၍ ဖွင့်ပွဲကို ယနေ့ပြုလုပ်သည်။

လဘက်အင်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် လိပ်သို့မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၉၈၅ ပေ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၃၅ သိန်းနှင့် ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ဦး

မြေပုံမြို့နယ်၌ အောက်ဆီဂျင်စက်ရုံသစ်ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ၏ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဝင် ၆၀ မှ ၈၀ ထွက်ရှိမည့် အောက်ဆီဂျင်စက်ရုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါစက်ရုံ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင် စက်ရုံသစ်ဖွင့်ပွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး(ယာပုံ) အမွေးနုံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်နှစ်ရှည် ပျဉ်းကတိုးပင်များ စိုက်ပျိုးကြပြီး စက်ရုံလည်ပတ်မှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဒီဇင်ဘာ ၂၉

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၅ နယ်တို့၌ ဒေသခံပြည်သူ ၇၃၃၅ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၃၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၂၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၆၅၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၉၆၄၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၉၅၀၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၅ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၈၃၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နှင့် နတ်တလင်းမြို့နယ်တို့၌ သံဃာတော် ငါးပါး၊ ဒေသခံပြည်သူ ၅၃၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၂၂ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၉၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၄၉၃ ဦး၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၃၄ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ကျောင်းသားကျောင်းသူ ၂၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့သို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးမှ မူဆယ် (၁၀၅)မိုင်သို့ ကုန်သွယ်ယာဉ်များ လားရှိုးမြို့ စစ်ဆေးရေးဂိတ်ကို ကြိုတင်အကြောင်းကြား ခွင့်ပြုချက်ရယူပြီးမှသာ ဖြတ်သန်းခွင့်ရမည်ဟု သိရ

လားရှိုး ဒီဇင်ဘာ ၂၉

လားရှိုးမြို့ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်း/မြောက်) အစည်းအဝေးခန်းမ၌ ပြုလုပ်သော ဒီဇင်ဘာ ၂၈ ရက် အစည်းအဝေးမှ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး၏ အဓိကလမ်းကြောင်းဖြစ်သော မန္တလေး-လားရှိုး-မူဆယ်လမ်းကြောတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားရှိတော့မည့် လားရှိုးမြို့ စစ်ဆေးရေးဂိတ်ကို လားရှိုးမြို့ နားကွမ်းလုံတိုးဂိတ်တွင်များ မကြာမီဖွင့်လှစ်စစ်ဆေးတော့မည်ဖြစ်ကြောင်းနှင့် ကုန်သွယ်မှု ကုန်ပစ္စည်းများကို ကြိုတင်တင်ပြခွင့်ပြုမိန့်ရယူပြီးမှသာ အဆိုပါ စစ်ဆေးရေးဂိတ်မှ ဖြတ်သန်းခွင့်ပြုမည်ဟုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယ ပြည်နယ်ဦးစီးမှူးရုံး(လားရှိုး)၏ ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ အဓိကကုန်သွယ်မှုလမ်းကြောကို အသုံးပြုပြီး တစ်ဖက်တရုတ်နိုင်ငံသို့ ကုန်သယ်ယူပို့ဆောင်ကြမည့် တောင်သူလုပ်ငန်းရှင်များ အနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ ကုန်ပစ္စည်းကြန့်ကြာမှုမရှိစေရေးအတွက် မိမိတို့တင်ပို့မည့် ကုန်ပစ္စည်းများကို ဖော်ပြပါဇယားများအတိုင်း ကြိုတင်ဖြည့်စွက်ပြီး ယင်းစစ်ဆေးရေးဂိတ် တာဝန်ရှိသူများထံ ခွင့်ပြုချက်ရယူကြရမည်ဖြစ်ပြီး ကြိုတင်တင်ပြခွင့်ပြုချက်မရယူထားသော ပို့ကုန်ယာဉ်များကို အဆိုပါစစ်ဆေးရေးဂိတ်မှ ဖြတ်သန်းခွင့်မပြုဘဲ ပြန်လည်စေလွှတ်မည်ဖြစ်သည်။

ဟန်ဌေး

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၉

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့၊ ညောင်ရွှေမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့၊ မင်းကင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မိုး/ဇလ

ဘိုကိတ်ပဲစျေးကွက် ပြည်ပတင်ပို့မှုရှိ၍ ကျေးရွာအရောက် ကွင်းဆင်းဝယ်ယူ

စစ်ကိုင်း ဒီဇင်ဘာ ၂၉

ဘိုကိတ်ပဲစျေးကွက် ကောင်းမွန်နေပြီး ကုန်သည်ပွဲစားများက နှစ်စဉ် ကွင်းဆင်းဝယ်ယူနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကိုယ်တိုင် စိုက်ပျိုးသူများထံမှ သိရသည်။

"ဘိုကိတ်ပဲစျေးကွက်က ကောင်းတယ်။ တခြားသီးနှံတွေနဲ့စာရင် နှစ်တိုင်း ပုံမှန်စျေးကွက်လည်း ရှိတယ်။ ရွာအရောက် ပွဲစားတွေကလည်း လာဝယ်ကြတယ်။ ရွှေဘိုကိုလည်း တင်ပို့လို့ရတယ်။ မန္တလေးကိုလည်း ပို့လို့ရတယ်။ တရုတ်ပြည်ကို တင်ပို့ဖို့အတွက် ရန်ကုန်မြို့က ကုန်သည်တွေကလည်း ဆင်းဝယ်ကြတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် တည်တောရွာမှ ဘိုကိတ်ပဲပင် စီးပွားဖြစ်စိုက်ပျိုးသူ ကိုလွှမ်းမိုးအောင် က ပြောသည်။

ပြည်တွင်းမှထွက်ရှိသည့် ဘိုကိတ်ပဲများကို ပြည်တွင်းစျေးကွက်အပြင် အိမ်နီးချင်းနိုင်ငံတချို့သို့လည်း Export တင်ပို့ရောင်းချကြသည်။ "အခုကာလမှာကို တစ်တင်း ငွေကျပ် ငါးသောင်းကျော် စျေးရှိတယ်။ ပဲတစ်တင်းကို ၁၉ ပိဿာနဲ့ ၂၅ ကျပ်သားနှုန်း ယူတယ်။ အဲဒါက မနှစ်ကစျေးထက်စာရင် နည်းသွားတာ။ မနှစ်က ငွေကျပ် ခြောက်သောင်းအထိ စျေးရှိတယ်။ သူ့စျေးက တစ်တင်းကို ငွေကျပ် ၄၅၀၀၀ အောက်ထိတော့ မဆင်းဖူးဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

ဘိုကိတ်ပဲပင်ကို ဧရိယာ၊ ဧကပေါ်တွင် စိုက်ပျိုးလေ့ရှိပြီး စိုက်သက်တမ်း ၄ လအကြာ အပင်ပေါ်၌ ပဲတောင့်/ပဲသီးများ ခြောက်လာချိန်၌ လူအင်အားဖြင့် ခူးဆွတ်/ကောက်ယူကာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ခြွေကာ ဘိုကိတ်ပဲစေ့များကို စျေးကွက်တင်ပို့ရောင်းချကြခြင်းဖြစ်သည်။

နန်းထက်ထက်ချစ်

ရန်ကုန်တိုင်းဒေသကြီးတွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့်ပန်းချီ ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့်ပန်းချီပြိုင်ပွဲများကို ယမန်နေ့က လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြနီလာခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်ဦးဌေးအောင်က မျိုးဆက်သစ်ကျောင်းသားကျောင်းသူများအနေဖြင့် လွတ်လပ်ရေးဆိုင်ရာများကိုသိရှိနားလည်ပြီး ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်ကာ နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူငယ်လူကောင်းများ ဖြစ်လာစေရေးကြိုးစားကြရန် ပြောကြားသည်။

ဆက်လက်၍ ခရိုင်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းသည်။

ပြိုင်ပွဲများသို့ တိုင်းဒေသကြီးအတွင်းရှိ အထက်တန်းကျောင်း ၄၀၈ ကျောင်း၊ အလယ်တန်းကျောင်း ၆၆၂ ကျောင်းနှင့် မူလတန်းကျောင်း ၁၆၈၈ ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ၎င်းတို့၏ ယှဉ်ပြိုင်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်၊ တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး (**အပေါ်ပုံ**) ဆုရရှိသူများအား ဒီဇင်ဘာ ၃၁ ရက်တွင် အလုံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ အခမ်းအနား ဖြင့် ဆုများကို ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

ဝေါမြို့နယ် ပုကိုင်တာရေသွင်းတံခါးတည်ဆောက်ရာတွင် စီမံကိန်းဧရိယာအတွင်း ပါဝင်သွားသည့် လယ်/ယာမြေများအတွက် တောင်သူများအား သီးနှံနစ်နာကြေးနှင့် လယ်ယာမြေလျော်ကြေးပေးအပ်

ဝေါ ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြစ်ကျိုးကျေးရွာတွင် တည်ဆောက်လျက်ရှိသည့် ပုကိုင်တာ

ရေသွင်းတံခါး တည်ဆောက်ရာ၌ စီမံကိန်းဧရိယာအတွင်း ပါဝင်သွားသည့် လယ်ယာမြေ (၅၂ ဒသမ ၅၇)ဧကအတွက် တောင်သူကိုးဦးအား သီးနှံနစ်နာကြေးနှင့် လယ်ယာမြေလျော်ကြေး ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ပုကိုင်တာ ရေသွင်းတံခါး တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးခရိုင်၊ လယ်ယာမြေစီမံခန့်ခွဲမှုဌာန ဦးအောင်ဇော်လတ်က စီမံကိန်းဧရိယာအတွင်း ပါဝင်သွားသော လယ်ယာမြေများအတွက် သီးနှံနစ်နာကြေးနှင့် လယ်ယာမြေလျော်ကြေး ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပုကိုင်တာ ရေသွင်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းတွင် ပါဝင်သွားသည့် (၅၂ ဒသမ ၅၇) ဧကအတွက် မြစ်ကျိုးကျေးရွာမှ တောင်သူ ခုနစ်ဦးနှင့် လေးအိမ်စုကျေးရွာမှ တောင်သူ နှစ်ဦး စုစုပေါင်းတောင်သူ ကိုးဦးအား သီးနှံနစ်နာကြေးနှင့် လယ်ယာမြေနစ်နာကြေး ငွေကျပ် ၁၅၅၇၁၂၃၀၀ ကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုဌာနနှင့် တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်သည်။

စိုးမိုး(ပြန်/ဆက်)

ဆူဇူကီးဖလား ဗိုလ်လုပွဲ ပထမအကျော့တွင် ထိုင်းအသင်းက အင်ဒိုနီးရှားကို လေးဂိုးပြတ်သွင်း

ရန်ကုန် ဒီဇင်ဘာ ၂၉

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ဗိုလ်လုပွဲ ပထမအကျော့ကို ဒီဇင်ဘာ ၂၉ ရက်က စင်ကာပူနိုင်ငံ၌ ကျင်းပရာ ထိုင်းအသင်း လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထိုင်းအသင်းသည် အင်ဒိုနီးရှားအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုအား တစ်ကျော့ပြန်ရယူနိုင်ရန် အခွင့်အရေးသာသွားပြီဖြစ်သည်။ ဒန်ဒါနှင့် ချာနာသစ်တို့ ဦးဆောင်သည့် ထိုင်းတိုက်စစ်မှာ အင်ဒိုနီးရှားခံစစ်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ပွဲအစ ၂ မိနစ်မှာပင် ချာနာသစ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း ဒုတိယပိုင်းတွင် ထိုင်းအသင်းကပင် ဂိုးများ ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၅၂ မိနစ်တွင် ချာနာသစ်၊ ၆၇ မိနစ်တွင် ဆူပါချောနှင့် ၈၃ မိနစ်တွင် ဖာလာတို့က သွင်းယူခဲ့သည်။

ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ထိုင်းအသင်းသည် ပထမအကျော့မှာပင် လေးဂိုးပြတ်အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုရယူနိုင်ရန် အခွင့်အရေးသာသွားပြီဖြစ်ပြီး အင်ဒိုနီးရှားအသင်းမှာမူ အခွင့်အရေးအလွန်နည်းသွားပြီဖြစ်သည်။

ရဲရင့်လွင်

● *ကျောဖုံးမှ*

မြန်မာအသင်းသည် နောက်တစ်ဆင့် တက်ရောက်ရန်အတွက် ရုန်းကန်ရဖွယ်ရှိနေပြီး အင်ဒိုနီးရှား၊ မလေးရှားအသင်းတို့နှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် ဇန်နဝါရီလတွင် စတင်ပြင်ဆင်မည်ဖြစ်ပြီး အာဆီယံ ယူ-၂၃ ပြိုင်ပွဲပြီးပါက မေလတွင်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ဆက်လက်ပြင်ဆင်ရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို သုံးကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ၂၀၀၅ နှင့် ၂၀၁၉ နောက်ပိုင်းတစ်ကျော့ပြန် ကျင်းပခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပနိုင်ရန် ရည်ရွယ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-AFF

၂၀၂၂ အာဆီယံ ယူ-၂၃ ပြိုင်ပွဲ အုပ်စုမဲခွဲပွဲပြုလုပ်နေစဉ်။

❖ *ကျောဖုံးမှ*

"ပြည်တွင်းဈေးကွက် အနေနဲ့ကတော့ ပိုးအိမ်တွေကို ပိုးချည်စက်ရုံတွေမှာ ချည်ဆွဲပြီးတော့မှထွက်လာတဲ့ ပိုးချည်တွေကို အထည်ရက်လုပ်ဖို့အတွက် ပိုးထည်ထုတ်လုပ်တဲ့ ဒေသတွေက ပိုးချည်တွေကို တင်ဒါစနစ်နဲ့ ဝယ်ယူကြပါတယ်။ တရုတ်ကိုတော့ နှစ်စဉ်ပိုးအိမ်အခြောက်ကို တန်ချိန်နဲ့ပို့တာပါ။ တရုတ်နိုင်ငံနဲ့ ကုမ္ပဏီတွေက ချိတ်ဆက်လုပ်တာရှိပါတယ်။ အခါတိုင်းနှစ်ဆိုရင် ဒီလထဲမှာ တစ်နှစ်ကို နှစ်ကြိမ် သုံးကြိမ်လောက်ပို့တယ်။ ဒီနှစ်မှာ ကျတော့ ရောဂါအခြေအနေကြောင့် ပို့တာ မရှိသေးပါဘူး။ ပိုးချည်ရရှိဖို့အတွက် ပိုးစာပင်ကို စိုက်ပျိုးတာပါ။ အခုနောက်ပိုင်းမှာ ပိုးစာပင်က ပိုးမွေးဖို့တစ်ခုတည်း မဟုတ်ဘဲ လူတွေရဲ့ကျန်းမာရေးအတွက်အထောက်အကူပြုတာကြောင့် ပိုးစာရွက် လက်ဖက်ခြောက် လုပ်ဖို့စိုက်တယ်။ ပိုးစာသီးအမှည့်ကို ဒီအတိုင်းစားကြသလို ပိုးစာသီးဝိုင်တို့၊ ပိုးစာသီးယိုတို့ ကျန်းမာရေးအစာအာဟာရအတွက် လုပ်ပြီး လည်း စားကြပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ပိုးစာပင်စိုက်ပျိုးမှုနှင့် ပိုးမွေးသည့် လုပ်ငန်းများကို မြန်မာနိုင်ငံအပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဂျပန်စသည့် နိုင်ငံများမှ ပိုးစာပင်စိုက်ပျိုးမှုနှင့် ပိုးစာမွေးလုပ်ငန်းများ လုပ်ကိုင်ကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

❍ *ကျောဖုံးမှ*

အသုံးချကာ ကာရာဘောင်ဖလားရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။ လက်စတာနှင့် လီဗာပူးအသင်းတို့သည် ဒီဇင်ဘာ ၂၃ ရက်က ကာရာဘောင်ဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် တွေ့ဆုံထားပြီး လီဗာပူးအသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် ပထမအသင်းကစားသမား အများစုလွဲချော်ခဲ့သော လက်စတာအသင်းသည် လီဗာပူးအသင်း၏ ဖိအားပေးထိန်းချုပ်ခြင်း ခံခဲ့ရသော်လည်း လိုအပ်နေသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် လီဗာပူးအသင်းအတွက် ယခုပွဲ ရှုံးနိမ့်မှုသည် ကြီးမားသော ထိုးနှက်ချက်နှင့် ကြုံတွေ့ခဲ့ရပြီး ပွဲအရေအတွက်တူ အဆင့်(၁) နေရာမှ မန်းစီးတီးအသင်းနှင့် ခြောက်မှတ်အထိ ကွာဟသွားခဲ့ပြီ ဖြစ်သည်။

လီဗာပူးအသင်းသည် ပွဲချိန် ၁၆ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဆာလာ၏ ကန်သွင်းချက်ကို လက်စတာ ဂိုးသမား ရှမိုက်ကယ် လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ထို့အပြင် ရှမိုက်ကယ်သည် လီဗာပူးအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကိုလည်း လက်စွမ်းပြ ကာကွယ်ထားနိုင်ခဲ့သည်ကို တွေ့ရသည်။ လက်စတာ အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၅၉ မိနစ်တွင် လွတ်ခ်မန်းက သွင်းယူပေးနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် လက်စတာအသင်းကို ရှုံးနိမ့်ခဲ့သော်ကြောင့် ယခုနှစ်ရာသီ၏ ဒုတိယမြောက်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ်ပြီးလျှင် ချယ်ဆီး၊ အာဆင်နယ်နယ်စသည့် အသင်းကြီးများနှင့် ဆက်တိုက်ကစားသွားရမည် ဖြစ်သည်။ အခြားသော ပွဲစဉ်ရလဒ်များတွင် ပဲလေ့စ်က နော့ဝှစ်ချ်ကို သုံးဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းက ဝက်ဖို့ဒ်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆောက်သမ်တန်နှင့် စပါးအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အောင်ဇော်

ယီမင်နိုင်ငံ၌ အကြမ်းဖက်မှုများ မြင့်တက်လာခြင်းသည် အဆိုးဆုံးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးသံတမန်ပြော

ဂျီနီဗာ ဒီဇင်ဘာ ၂၉

ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးသံတမန် ဟန်းဂရန့်ဒ်ဘာ့ဂျ်က ယီမင်နိုင်ငံတွင် အကြမ်းဖက်မှုများ မြင့်တက်လာခြင်းသည် မကြာသေးမီနှစ်များအတွင်း အဆိုးဆုံးဖြစ်ကြောင်းနှင့် အရပ်သားများကို ပစ်မှတ်ထားမှုများ မြင့်တက်လာကြောင်း ပြောကြားလိုက်သည်။

ဆာနားလေကြောင်းတိုက်ခိုက်မှုသည် အရပ်သားများကို သေစေသည့်ရလဒ်များ ထွက်ပေါ်လာခဲ့ကြောင်းနှင့် အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ၎င်းက ပြောသည်။

မာရစ်ကို ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်မှုများကြောင့် စက်တင်ဘာလကတည်းမှစကာ လူပေါင်း ၃၅၀၀၀ ထက်မနည်း ထွက်ပြေးနေကြရသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးကို အဆက်မပြတ် ဒုံးကျည်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုများ ဖြစ်ပွားခဲ့သည်။ ထို့အတူ ပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံးခဲ့သည်။

ထို့အပြင် ဆော်ဒီအာရေဗျကို ဆန့်ကျင်တိုက်ခိုက်မှုများကို စိုးရိမ်ကြောင်း ၎င်းက ဖော်ပြခဲ့သည်။ ယင်းတိုက်ခိုက်မှုများသည် အရပ်သားသေဆုံးမှုများကိုဖြစ်စေပြီး အဆောက်အအုံများ ပျက်စီးစေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရပ်သားများနှင့် အရပ်ဘက်ပစ္စည်းများကို မည်သည့်နည်းနှင့်မဆို ပစ်မှတ်ထားတိုက်ခိုက်နေမှုများသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ချိုးဖောက်နေခြင်းဖြစ်သောကြောင့် ချက်ချင်းရပ်တန့်ရမည်ဖြစ်ကြောင်း ၎င်းက ပြောထားသည်။

ဆင်ဟွာ

ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးသံတမန် ဟန်းဂရန့်ဒ်ဘာ့ဂျ်။

အမေရိကန်၌ လေယာဉ်ပျက်ကျမှုကြောင့် လေးဦးသေဆုံး

လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၉

အမေရိကန်အနောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ကယ်လီဖိုးနီးယားတွင် ဒီဇင်ဘာ ၂၇ ရက် ညနေက လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ လူလေးဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားလိုက်သည်။

Learjet 35 business jet ဂျက်လေယာဉ် တစ်စင်းသည် ဆန်ဒီယာဂိုအနီး လူနေဒေသတွင် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ပျက်ကျခဲ့သည်။ လေယာဉ်ပေါ်တွင် လူလေးဦး လိုက်ပါလာခဲ့ကြောင်း လေကြောင်း အာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၂၈ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ထို့အပြင် အဆိုပါ လေယာဉ်သည် ဂျန်ဝိန်းလေဆိပ်မှ ထွက်ခွာပျံသန်းခဲ့ပြီး ဆန်ဒီယာဂိုရှိ ဂီးစပိုင်းလေဆိပ်သို့ ဦးတည်ပျံသန်းလာခဲ့ကြောင်း အဆိုပါ ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

လေယာဉ်ပျက်ကျပြီးနောက် အဆိုပါနေရာသို့ ရဲများနှင့် မီးသတ်သမားများ ရောက်လာခဲ့ကြသည်။ အသက်ရှင်ကျန်ရစ်သူ တစ်ဦးမျှ မတွေ့ရှိခဲ့ကြောင်း သိရသည်။

မြေပြင်တွင် တစ်ဦး တစ်ယောက်မျှ ဒဏ်ရာရရှိခြင်း မရှိခဲ့ပေ။ သို့သော်လည်း နေအိမ်တစ်လုံးမှာ ပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများလည်း ပြတ်တောက်ခဲ့ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှု ဖြစ်စဉ်နှင့် ပတ်သက်ပြီး သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

တောင်ကိုရီးယား၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှု ၅၀၀၀ အထက်ရှိ ဆိုးလ်မြို့ဝန်းကျင်၌ အစုအပြုံလိုက် ကူးစက်မှုဖြစ်ပွား

ဆိုးလ် ဒီဇင်ဘာ ၂၉

တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂၈ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ၅၄၀၉ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၂၀၉၃၈ ဦးအထိ ရှိလာခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့က အမြင့်ဆုံး ကူးစက်ဖြစ်ပွားသူ အရေအတွက် ၃၈၆၅ ဦးထက် မြင့်တက်ခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀၀ အထက် ရောက်ရှိခဲ့သည်မှာ သုံး ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးတွင် ဆေးဝန်ထမ်းများက အိုမီခရွန်ဗိုင်းရပ်စ်သစ်ကို စမ်းသပ်နေစဉ်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်မြို့ဝန်းကျင် ဒေသ၏ ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၈၆၉ ဦးမှာ ဆိုးလ်ဒေသခံများ ဖြစ်ကာ ၁၆၀၈ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၃၀၉ ဦးမှာ အင်ချွန်မှ ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်မဟုတ်သော ဒေသတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး မြို့တော်မဟုတ်သော ဒေသများတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၉၇ ဦး သို့မဟုတ် ၂၈ ဒသမ ၃ ရာခိုင်နှုန်း ရှိလာခဲ့သည်။

အိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ခံရသူ ၅၅၈ ဦးအထိ ရှိလာခဲ့ပြီး ပြည်ပမှ ကူးစက်ဖြစ်ပွားသူ ၂၅၂ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၃၀၆ ဦးဖြစ်ကြောင်း သိရသည်။ ယမန်နေ့ကထက် ၁၀၉ ဦး တိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသောအခြေအနေ ခံစားနေရသူ ၁၁၅၁ ဦးအထိ တိုးလာခဲ့ပြီး ယမန်နေ့ကထက် ၄၉ ဦး တိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၃၆ ဦး ထပ်မံ သေဆုံးခဲ့သောကြောင့် စုစုပေါင်း သေဆုံးသူ ၅၃၈၂ ဦး အထိရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၈၇ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက် ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၄၄၁၁၅၈၅ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၂ ဒသမ ၆ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံ့ပြီးသူပေါင်း ၄၂၄၃၂၉၉၀ သို့မဟုတ် ၈၂ ဒသမ ၆ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အပိုဆောင်း ကာကွယ်ဆေးထိုးပြီးသူ ၁၆၅၈၂၇၅၈ သို့မဟုတ် ၃၂ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

မလေးရှား၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၈၉၇ ဦးရှိပြီး ၂၃ ဦး ထပ်မံသေဆုံး

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၉

မလေးရှားနိုင်ငံတွင် ဒီဇင်ဘာ ၂၈ ရက် ညသန်းခေါင်အချိန်အထိကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၈၉၇ ဦးအထိ ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်း ၂၇၄၆၈၃၃ ဦး ရှိလာပြီဖြစ်သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၉၂ ဦးမှာ ပြည်ပကူးစက်သူများဖြစ်ပြီး ၂၇၀၅ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၂၃ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၃၁၃၉၂ ဦးအထိ ရှိလာပြီဖြစ်သည်။ မလေးရှားနိုင်ငံသို့ ဒီဇင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ရောက်ရှိလာသည့် ခရီးသွားများကို ကိုဗစ်-၁၉ စစ်ဆေးခဲ့ရာ ၃၆၆ ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိခဲ့ပြီး ၎င်းအနက် ၃၀၆ ဦးမှာ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားနေကြောင်း သံသယရှိသူများ ဖြစ်သည်။

အတည်ပြုရန် ဓာတ်ခွဲခန်းအဖြေကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၃၄၃၄ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ပေါင်း ၂၆၇၃၀၈၄ ဦးရှိပြီဖြစ်သည်။

ဆင်ဟွာ

ထိုင်းနိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်မှု ပြည်နယ် ၃၃ ခုတွင် တွေ့ရှိဖြစ်ပွား

ဘန်ကောက် ဒီဇင်ဘာ ၂၉

ထိုင်းနိုင်ငံ၌ ယနေ့အချိန်အထိ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ၇၃၉ ဦး ရှိလာပြီဖြစ်ကြောင်း၊ ထပ်မံတွေ့ရှိခဲ့သူများတွင် ပြည်ပကူးစက်ဖြစ်ပွားသူ ၄၈၈ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၂၅၁ ဦး ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

ထိုင်းနိုင်ငံ၌ ကူးစက်ဖြစ်ပွားမှုအများဆုံးမှာ ဒယ်လ်ဗိုင်းရပ်စ်ဖြစ်သော်လည်း ယခုအခါတွင် ကူးစက်ဖြစ်ပွားမှု များလာသည့် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှုများကို စတင်တွေ့ရှိလာပြီဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာသိပ္ပံဌာန ညွှန်ကြားရေးမှူးချုပ် ဆူပါကစ် ဆီရီလက်ခ်က ပြောကြားလိုက်သည်။

အရာရှိများ၏ ပြောကြားချက်အရ အိုမီခရွန် ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုများကို ပြည်နယ် ၃၃ ခုတွင် တွေ့ရှိခဲ့ကြောင်းနှင့် ဒေသတွင်း ကူးစက်ဖြစ်ပွားမှုများမှာ အစုလိုက်ကူးစက်ဖြစ်ပွားမှုနှင့် ဆက်နွယ်လျက်ရှိကြောင်း သိရသည်။

နှစ်သစ်ကူးပြီးနောက် အစိုးရအရာရှိများကို နေအိမ်မှ အလုပ်လုပ်ရန်နှင့် ကျောင်းများကိုလည်း အွန်လိုင်းသင်ကြားရေး ပြန်လည်လုပ်ဆောင်ရန် ပြောကြားထားသည်။

ဆင်ဟွာ

စီးပွားရေးပြန်လည်ဦးမော့လာစေရေးနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတားဆီးရေးကို ဟန်ချက်ညီအောင် ကြိုးစားလုပ်ဆောင်နေတဲ့ ကမ္ဘာ့နိုင်ငံများ

လင်းဟန်သစ်

အစောပိုင်းလေ့လာမှုများအရ အိုမီခရွန်ဗိုင်းရပ်စ်သစ်ဟာ အပျော့စားဖျားနာမှုလောက်သာရှိကြောင်း ဖော်ပြခဲ့သော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အိုမီခရွန်ကိုရိုနာဗိုင်းရပ်စ်သစ်က ကျန်းမာရေးစနစ်ကို ဦးဆောင်လွှမ်းမိုးသွားနိုင်ကြောင်း မကြာသေးမီက သတိပေးဖော်ပြခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံတို့ကလည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာခြင်းကို တားဆီးထိန်းချုပ်တဲ့အနေနဲ့ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးလုပ်ထုံးလုပ်နည်းတွေကို ပြန်လည်ကျင့်သုံးလာကြပါတယ်။

အမေရိကန်ပြည်ထောင်စု မီယာမီလေဆိပ်တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန်လိုအပ်ကြောင်း ပြသထားသည့်ဆိုင်းဘုတ်တစ်ခုကို တွေ့ရစဉ်။

အလုံပိတ်ကန့်သတ်မှုအောက်မှာ နေထိုင်စေ

အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်အတော်များများနဲ့ ဥရောပနိုင်ငံတွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ပြန်လည်မြင့်တက်လာတာကြောင့် တရုတ်နိုင်ငံဟာ ပြည်သူထောင်ပေါင်းများစွာကို အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုအောက်မှာ နေထိုင်စေခဲ့ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းအကြီးအကျယ် ပျက်စီးစေခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံအတော်များများဟာ စီးပွားရေးပြန်လည်ဦးမော့လာစေရေးနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တားဆီးရေးကို ဟန်ချက်ညီအောင် ကြိုးစားလုပ်ဆောင်နေရပါတယ်။

တားဆီးကန့်သတ်ချက်တွေကို ဆက်လက်ချမှတ်

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကူးစက်မှုလက္ခဏာမပြတဲ့သူတွေကို သီးခြားခွဲခြားနေထိုင်မှုကာလ ထက်ဝက်လျှော့ချပေးခဲ့ပြီး ပြင်သစ်နိုင်ငံမှာတော့ ကုမ္ပဏီအလုပ်သမားတွေကို တစ်ပတ်မှာ အနည်းဆုံးသုံးရက် နေအိမ်မှ အလုပ်လုပ်စေဖို့ သက်ဆိုင်ရာကုမ္ပဏီတွေကို ညွှန်ကြားထားပါတယ်။

နှစ်သစ်သို့ဝင်ရောက်လာပြီဖြစ်သဖြင့် ဂျာမနီနိုင်ငံမှာ ထိတွေ့မှုဆိုင်ရာ တားဆီးကန့်သတ်ချက်တွေကို ဒုတိယနှစ်အဖြစ် နှစ်နှစ်ဆက်တိုက် ဆက်လက် ချမှတ်ထားပါတယ်။

အိမ်၌နေထိုင်ရန် စည်းကမ်းတွေကို ချမှတ်

ကမ္ဘာ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေရာနှင့် နှိုင်းယှဉ်ကြည့်လျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနည်းနေသေးတဲ့ တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ လုံးဝမရှိရေးနည်းဗျူဟာကို ဆက်လက်ချမှတ် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ထို့အတူ Yan'an မြို့ရဲ့ ဒေသအတော်များများမှာလည်း အိမ်၌သာနေထိုင်ရမည့် စည်းမျဉ်းစည်းကမ်းတွေကို ဆက်လက်ချမှတ်ထားလျက်ရှိပါတယ်။

အစာရေစာပြတ်လပ်မှုတွေနဲ့ ကြုံတွေ့နေ

သေချင်လုနီးပါး အစာရေစာပြတ်လပ်နေပြီလို့လည်း တချို့ဒေသခံတွေက လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ ဝီဘိုမှာရေးသားဖော်ပြခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ၂၁ လအကြာမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနေ့တစ်နေ့ကို ရင်ဆိုင်ခဲ့ရပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတဲ့ လူထောင်ပေါင်းများစွာဟာ နေအိမ်ကန့်သတ်စောင့်ကြည့်မှု ခြောက်ရက်အတွင်းကို ဝင်ရောက်လာတဲ့ Xi'an မှာရှိတဲ့ လူ ၁၃ သန်းနဲ့ ဆက်သွယ်မှုတွေ လုပ်ခဲ့ပါတယ်။

အစာ လုံးဝမရှိတော့ဘူး။ ကျွန်တော့်အိမ်ရာက ကျွန်တော့ကို အပြင်ပေးမထွက်ဘူး။ အသင့်စားခေါက်ဆွဲထုပ်တွေလည်း ကုန်တော့မယ်။ ကူညီပါဦးဟု Xi'an ဒေသခံတစ်ဦးက ပြောလိုက်ပါတယ်။

မကျေမနပ် ရင်ဖွင့်သံတွေ

Xi'an ဒေသခံအတော်များများဟာ အလားတူ မကျေမနပ် ရင်ဖွင့်သံတွေကို လူမှုမီဒီယာပေါ်မှာ ရင်ဖွင့်နေကြပါတယ်။ မကျေမနပ်ရင်ဖွင့်ပြောကြားတဲ့အထဲမှာ ကားမောင်းခွင့်ပိတ်ပင်တားမြစ်ထားတဲ့အကြောင်း၊ သုံးရက်တစ်ကြိမ် တစ်ယောက်သာ ဟင်းသီးဟင်းရွက် စားစရာထွက်ဝယ်ရတဲ့ အကြောင်း စတာတွေလည်း ပါပါတယ်။

Xi'an မြို့ဟာ ဝူဟန်မြို့နဲ့ သိပ်မကွာပေမယ့် အခုချိန်ထိ အလုံပိတ်ထားပါတယ်။ ဝူဟန်မှာ အစောပိုင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတုန်းကလည်း အဲဒီမြို့ဟာ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်ပြတ်ခဲ့ပါတယ်။

နိုင်ငံအတော်များများမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ပြန်ဖြစ်လာတာကတော့ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကြောင့်ပဲ ဖြစ်ပါတယ်။

ကျန်းမာရေးစနစ်ကို နှောင့်ယှက်မှုတွေဖြစ်စေနိုင်

အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှုတွေ လျင်လျင်မြန်မြန် ကြီးထွားလာတဲ့အတွက် ရောဂါလက္ခဏာမပြင်းထန်ဘူးလို့ ဘယ်လောက်ပင် ဆိုစေကာမူ နောက်ဆုံးမှာတော့ အနည်းဆုံးဆေးရုံတက်ရောက်ရမယ့်သူအရေအတွက်ဟာ များလာနိုင်ပါတယ်။ အထူးသဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးထားတဲ့သူတွေမှာ အဲဒီဒဏ်ကို အများဆုံးရင်ဆိုင်ခံစားရမှာဖြစ်ပါတယ်။ ထို့အတူ အဲဒီအခြေအနေက ကျန်းမာရေးစနစ်ကို နှောင့်ယှက်ဟန့်တားမှုတွေ အများကြီးဖြစ်စေပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပရဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆိုင်ရာ မန်နေဂျာ ကက်သရင်းစမောဝုဒ်က ပြောပါတယ်။

ဥရောပမှာ တားဆီးကန့်သတ်ချက်တွေ ပြန်လည်ချမှတ်

နောက်ကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ဥရောပနိုင်ငံတွေဟာ အရင်လို အထိနာနေတဲ့ စီးပွားရေးကြီးကို ရင်ဝယ်ပိုက်ပြီး ကိုဗစ်-၁၉ ကန့်သတ်တားဆီးရေးတွေကို ပြန်လည်လုပ်ဆောင်နေပါတယ်။ ထို့အတူ လူမှုရေးဆိုင်ရာ တားဆီးချက်တွေကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်နေတာနဲ့အတူ ပြင်သစ်နိုင်ငံမှာလည်း အိမ်၌နေထိုင်ဖို့ ထုတ်ပြန်ချက်တွေကို ရပ်တန့်လိုက်သော်လည်း အလုပ်သမားတွေကို နေအိမ်၌ အလုပ်လုပ်စေဖို့ တိုက်တွန်းထားပါတယ်။

ဆွီဒင်နဲ့ ဖင်လန်နိုင်ငံတွေကတော့ ဒေသခံမဟုတ်တဲ့ ခရီးသွားတွေအတွက် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ပြသဖို့လိုအပ်ပါတယ်။

ထို့အတူ ဒိန်းမတ်နိုင်ငံမှာလည်း အလားတူ ချမှတ်ထားပါတယ်။ ဂျာမနီနိုင်ငံမှာ ပုဂ္ဂလိက လူစုလူဝေးလုပ်ခြင်းကို လူ ၁၀ ဦးအထိ ကန့်သတ်ထားပါတယ်။ ထို့အတူ နိုက်ကလပ်များကိုလည်း ပိတ်ထားပါတယ်။ အားကစားပြိုင်ပွဲတွေကိုလည်း အခုအခါမှာတော့ တံခါးပိတ်ကျင်းပမှာ ဖြစ်ပါတယ်။

ခရီးသွားကဏ္ဍကိုထိခိုက်

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းတွေကို လျှော့ချဖို့ တစ်ခုခုတော့ လုပ်ဆောင်ရတော့မှာဖြစ်တယ်လို့ ဘာလင်ဒေသခံတစ်ဦးက ပြောပါတယ်။ အခုလို လုပ်ဆောင်ချက်တွေကို လူတိုင်းကတော့ လက်ခံတာ မဟုတ်ပါဘူး။ တချို့ဆိုရင် ဆန္ဒပြမှုတွေတောင် လုပ်နေကြပါတယ်။

လူမှုရေးကိစ္စကို နှောင့်ယှက်ရုံတင် မကပါဘူး၊ ကိုဗစ်-၁၉ ကပ်ရောဂါဟာ စီးပွားရေးကိုလည်း ကမောက်ကမ ဖြစ်စေပါတယ်။ အထူးသဖြင့် ဟိုတယ်နဲ့ ခရီးသွားကဏ္ဍကိုထိခိုက်စေပါတယ်။ တချို့လေကြောင်းလိုင်းတွေဆိုရင် ပြေးဆွဲမှုတွေ ရပ်ဆိုင်းလိုက်ရတဲ့အတွက် ဆုံးရှုံးမှုတွေ အတော်များများနဲ့ ကြုံတွေ့နေရပါတယ်။

နိုင်ငံအတော်များများမှာတော့ ကိုဗစ်-၁၉ ကပ်ရောဂါကို ဆက်လက်စောင့်ကြည့်ရင်း တစ်ဖက်ကလည်း စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နေရပါတယ်။ အဲဒီလိုမှမလုပ်ရင်လည်း လူမှုရေးရော စီးပွားရေးရော နှစ်ဖက်စလုံး အကျဘက်သို့ ရောက်ရှိသွားနိုင်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

> ❍ **နိုင်ငံအတော်များများမှာတော့ ကိုဗစ်-၁၉ ကပ်ရောဂါကို ဆက်လက်စောင့်ကြည့်ရင်း တစ်ဖက်ကလည်း စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နေရပါတယ်။ အဲဒီလိုမှမလုပ်ရင်လည်း လူမှုရေးရော စီးပွားရေးရော နှစ်ဖက်စလုံး အကျဘက်သို့ ရောက်ရှိသွားမှာဖြစ်ပြီး အကြီးအကျယ်ထိခိုက် ပျက်စီးစေမှာ ဖြစ်ပါတယ်**

ဒီဇင်ဘာ ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၆ ဦး တွေ့ရှိ

ထပ်မံသေဆုံးသူ ၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၂၆၂ ဦးရှိ

(၂၉-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၀၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၁၈,၄၇၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၀,၂၇၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၂၀) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၀၇,၈၀၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၆၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၁၂-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၀,၆၁၇,၈၁၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၅,၀၆၂,၂၅၁) ဦးနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ (၅,၅၅၅,၅၆၄) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၈-၁၂-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၅,၆၈၀,၀၆၆) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၉-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၁,၃၇၉) ခု	(၂၆) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၁၀၉) ခု	(၂) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၄၅၆) ခု	(၉၄) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၅၁) ခု	(၁၀) ဦး
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၁,၇၂၂) ခု	(၆) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၆၂၃) ခု	(၁၁) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၈,၇၁၁) ခု	(၁၂၇) ဦး
စုစုပေါင်း	**(၁၃,၀၅၁) ခု**	**(၂၇၆) ဦး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
(၂၈-၁၂-၂၀၂၁) ရက်နေ့

ကာကွယ်ဆေးထိုးနှံမှု	အရေအတွက်
ပထမအကြိမ်ထိုးနှံပြီး လူဦးရေ	(၅,၅၅၅,၅၆၄) ဦး
ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ	(၁၅,၀၆၂,၂၅၁) ဦး
ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့်ထိုးနှံပြီးလူဦးရေစုစုပေါင်း	(၂၀,၆၁၇,၈၁၅) ဦး
စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses)	(၃၅,၆၈၀,၀၆၆) ကြိမ်

- **ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရောကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။**
- **သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသူများထံမှ) ရောဂါပိုးအဆင့်အဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်းမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာ လိုက်နာကြပါရန် ဖြစ်ပါသည်။**
  - **အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊**
  - **လက်ကို မကြာခဏဆေးကြောခြင်း၊**
  - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**
  - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊**
  - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
  - **ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

၂၉-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၅၄၁၄,၈၅၄	၄၁၃,၅၁၁,၀	၈၄,၂၀၆
၂။	အိန္ဒိယ	၃၄,၈၀,၈,၈,၈	၃၄,၅,၁,၂,၉,၂	၄,၈,၁,၉,၂
၃။	ဘရာဇီး	၂,,,

ကလေးသူငယ်များအားလုံး လုံခြုံစိတ်ချပြီး ဘေးကင်းသောပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

မကွေး ဒီဇင်ဘာ၂၉

မကွေးတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေး (၁/၂၀၂၁) ကို ဒီဇင်ဘာ ၂၈ ရက်က တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့် တက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မြန်မာနိုင်ငံသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRC)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် စီမံချက် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး မိမိတို့ တိုင်းဒေသကြီး အနေဖြင့်လည်း ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ(၈)ရပ် ဖွဲ့စည်းကာ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေကြောင်းနှင့် ကလေးသူငယ်များအားလုံး လုံခြုံစိတ်ချပြီး ဘေးကင်းသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းညွှန့်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကော်မတီဝင်များက မိမိတို့ဌာန အဖွဲ့အစည်းများ အနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ကိုစည်သူ (မကွေး)

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ (တတိယအကြိမ်)ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ပြုလုပ်ရာ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က နိုင်ငံသားစိစစ်ရေးကတ်များကို သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များထံ ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

ခရမ်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်

ခရမ်း ဒီဇင်ဘာ ၂၉

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးနှင့် အိမ်ထောင်စုစာရင်းရရှိရေးအတွက် မေလပထမပတ်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်က ခရမ်းမြို့နယ် ညောင်ပင်သာကျေးရွာတွင် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သန်းနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။ မောင်းမကျေးရွာ၌ ကျေးရွာနေပြည်သူများနှင့် အလက(ညောင်ပင်သာ) အလယ်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၃၇ ဦးနှင့် ကျေးရွာနေပြည်သူ ၁၂၀ စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၇ ဦးတို့ကို ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမောင်မောင်သန်း၊ အလက (ညောင်ပင်သာ) ကျောင်းအုပ်ဆရာမကြီးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

မြန်မာ-တရုတ် ကုန်သွယ်မှုဆောင်ရွက်ရာတွင် တရုတ်(ယွမ်)ငွေစာရင်း ဖွင့်လှစ်ငွေပေးချေမှုဆောင်ရွက်ရန်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

မူဆယ် ဒီဇင်ဘာ ၂၉

မြန်မာ –တရုတ် နှစ်နိုင်ငံကုန်သွယ်မှုဆောင်ရွက်ရာတွင် တရုတ်(ယွမ်ငွေ) စာရင်းဖွင့်လှစ်၍ ငွေပေးချေမှု ဆောင်ရွက်ရန်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက်က မူဆယ် ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက တရုတ်ယွမ်ငွေစာရင်း ဖွင့်လှစ်၍ ငွေပေးချေမှုဆောင်ရွက်မည့် ကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။ Bank of China (BOC)ဘဏ်မှ မစ္စ ရှီရှင်းဝိန်၊ Industrial and Commercial Bank of China (ICBC) ဘဏ်မှ မထက်ထက်ဖြူစင်တို့က ရှင်းလင်းဆွေးနွေးကာ မူဆယ် – နယ်စပ် ကုန်သွယ်ရေး ကုန်သည်များအသင်း ဒုဥက္ကဋ္ဌ ဦးမင်းနိုင်စိုး၊ ဆန်စပါးကုန်စည်ဒိုင် အတွင်းရေးမှူးဦးသန်းဘိုဦး၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်ဘဏ္ဍာရေးမှူး ဦးကျော်ကျော်အောင်၊ သစ်သီးဝလံကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးစိုင်းခင်မောင်၊ ယာဉ်ယန္တရားအသင်း ဒုဥက္ကဋ္ဌ ဦးမျိုးမင်းဌေး(ခ) ဒိုးလုံးနှင့် တက်ရောက်သူများက သိလိုသည်များ မေးမြန်းကာ ကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

"တရုတ် – မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှု (Border Trade)မှာ ယွမ်နဲ့ကျပ်ကို ဘဏ်စနစ်အသုံးပြုပြီး တိုက်ရိုက်ပေးချေနိုင်ဖို့ မူဆယ်နယ်စပ်ဒေသက စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုန်သည်တွေနဲ့ လာရောက် ညှိနှိုင်းဆွေးနွေးတာပါ။ ကုန်သွယ်မှုတန်ဖိုးအကြီးဆုံးဖြစ်တဲ့ မူဆယ်ဒေသကို ရွှေ့ပြောင်းဒေသအဖြစ် ရွေးချယ်ထားတာပါ။ မူဆယ်ဒေသမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ကို Pilot Tax သွားနိုင်ဖို့ စမ်းသပ်နေတာ ဖြစ်ပါတယ်။ အခုကာလက တရားဝင် ရွှေ့ပြောင်းစီမံချက်ကာလ ဖြစ်ပါတယ်။ ကုန်သည်တွေနဲ့ ဘဏ်တွေကြားမှာ ဘယ်လိုအခက်အခဲရှိတယ်ဆိုတာ အဖြေထွက်လာမှာပါ။ ထွက်လာတဲ့ အဖြေပေါ်မူတည်ပြီး ယွမ်/ကျပ် လဲလှယ်စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ ဦးတည်ဆောင်ရွက်နေတာပါ။ မြန်မာ့စီးပွားရေးဘဏ်နဲ့ ပူးပေါင်း ဆောင်ရွက်တာက တရုတ်နိုင်ငံ ဟောင်ကောင်အခြေစိုက် Bank of China နဲ့ Industrial and Commercial Bank of China (ICBC) ဖြစ်ပါတယ်။ ဒီဘဏ်နှစ်ဘဏ်နဲ့ မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်ရဲ့ ငွေကြေးစီးဆင်းမှု ချောမွေ့စေဖို့၊ တရုတ် – မြန်မာ ငွေကြေး ယွမ်နဲ့ကျပ်ကို တိုက်ရိုက်ပေးချေနိုင်ဖို့ ယခုဘဏ်တွေကို ကြားခံပြီး ဒေသခံကုန်သည်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ အဆင်ပြေဖို့ စတင်မိတ်ဆက်လိုက်တဲ့ သဘောဖြစ်ပါတယ်။

ဒီဇင်ဘာ ၁၃ ရက်မှာ ရွှေ့ပြောင်းစီမံချက် စတင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တရုတ်ဘက်က မြန်မာကုန်သည်တွေကို ငွေပေးချေတာတွေလည်း ရှိတယ်။ မြန်မာဘက်ကလည်း တရုတ်ဘက်ကို ယွမ်ငွေပေးပြီး ငွေပေးချေတာတွေလည်း ရှိတယ်။ ဒီပေါ်မှာမူတည်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်။ ယခုကိစ္စလည်း အောင်မြင်မယ်လို့ မျှော်လင့်ထားပါတယ်" ဟု ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ပြောသည်။

"နယ်စပ်မှာ ဖြစ်တဲ့အတွက် ယွမ်နဲ့ အလုပ်လုပ်ရတာမို့ တစ်ဖက်နိုင်ငံမှာ ယွမ်ငွေစာရင်း တွေဖွင့်ပြီး အရောင်းအဝယ်လုပ်ရတယ်။ တရုတ်နိုင်ငံရဲ့အကြောင်း အမျိုးမျိုးကြောင့် ဘဏ်တွေပိတ်တဲ့ ဒုက္ခတော့ ကင်းဝေးသွားမှာ ဖြစ်ပါတယ်။ အခုလုပ်လိုက်တဲ့ စနစ်ကတော့ အကောင်းဆုံးဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု မူဆယ် ဆန်စပါးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဘိုဦးက ပြောသည်။

သန့်ဇင် (မူဆယ်)

မိတ္ထီလာမြို့နယ်၌ ပန်းခင်းစီမံချက်ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ ဒီဇင်ဘာ ၂၉

မိတ္ထီလာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်/ကျေးရွာများတွင် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်လိုသူများနှင့် အခြေခံပညာအထက်တန်း ကျောင်းများရှိ အသက် ၁၆ နှစ်ပြည့်ပြီးသူ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်က အထက (၄) နှင့် ဇောင်ချမ်းကုန်းကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁ ရက်မှစပြီး အိမ်တိုင်ရာရောက် ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ဟားစတိုင်လ်အင်ဗြိမ့် ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခ၌ ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၂၉

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အား သစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ "ဟားစတိုင်လ်အင်ဗြိမ့်" ဖျော်ဖြေပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို စတားကောင်းထက်က စီစဉ်ပြီး မြန်မာ့အသံ ဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ကြယ်စင်လင်း၊ ရှေ့ထွက်မင်းသမီး ဝိုင်းကြာဖြူ၊ လူရွှင်တော်များ ဖြစ်ကြသည့် စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်နှင့် ချမ်းမြေ့တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထမ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၂၉

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၄၇)ကို ဒီဇင်ဘာ ၃၁ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ပွဲစဉ် (၄၇)၏ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို တင်ဆက်သူ ရဲထိုက်နှင့် ယဉ်လက်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၊ ၂ ရက်တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီ ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီး တန် ၂၀ နှင့် နှာခေါင်းစည်း (Mask) ကိုးတန်တို့ကို တင်သွင်းခဲ့ပြီး အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက် ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဒီဇင်ဘာ ၂၉ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Wheel Chair ၁၂၇ ခု၊ Commode Chair ၅၀၀၊ Digital Blood Pressure Monitor ၃၀၀၀၊ Blood Pressure Monitor Bp3UG1-2E ၃၀၀၈၊ AutoMatic Blood Pressure Monitor ၃၀၀၀၊ Blood Pressure Monitor BP3NM1-3E ၃၀၀၀၊ PEN Type Digital Thermometer ၃၀၀၀၊ High Low Stretcher ၂၈ ခု၊ Scoop Stretcher ၂၀၊ Female Examining Table ၁ခု၊ Head Immobilize ၁၀ ခု၊ Stretcher ၅၀၊ Belt For Stretcher ၃၀၊ Electrocardiograph ၂၀၊ Internitient Pneumatic Compression ၁ခု၊ Revolizer ၅၃၂၀၊ ဆေးဝါးမျိုးစုံ ၃၈ မျိုး စုစုပေါင်း ၁၀၈၃၈၃ ဒသမ ၈၅ KG ၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ သုံးခုတို့မှ Pai Diclo Injection ၂၄၀၀၀ ၊ Sai C Pen Powder For Injection ၁၀၀ဖ၀၊ Sai P Pen Powder For Injection ၈၅၀၀၊ Disposable Mask 8659 KG ၊ Surgical Gown ၇၅၀၀၊ Liquid Oxygen ၁၅၃၃၈ m^3 ၊ Disposable Cap ၈၈၀ KG တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူသူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာမြို့နယ် ရေဥက္ကံ ရပ်ကွက်နေ မတင်လင်းခိုင် (ခ) မမိပုံ့၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကားကြီးဝင်းနေ ကိုကျော်ဝဏ္ဏနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ညောင်ရွာနေ မမေသူလင်းတို့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ xxx ၂၀ နှစ်အား ပဲခူးမြို့နှင့် ပခုက္ကူမြို့တို့တွင် ထမင်းချက်သည့် အလုပ်ကို လုပ်ကိုင်ရန် ပြောဆိုစည်းရုံးပြီး ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူခဲ့သဖြင့် လှိုင်သာယာ မြို့မရဲစခန်း (၀) ၂၈၉၀/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်တွင် ကလေးတရားခံဖြစ်သူ မမေသူလင်းအား ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၈၈(ဂ) အရ အလုပ်မဲ့ ထောင်ဒဏ် ၃ နှစ်နှင့် ဒီဇင်ဘာ ၂၇ ရက်တွင် တရားခံမတင်လင်းခိုင် (ခ) မမိပုံ့နှင့် ကိုကျော်ဝဏ္ဏတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ အရအလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

PDF အမည်ခံ အကြမ်းဖက်သူများ လုပ်ကြံသတ်ဖြတ်၍ မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်၌ ကျန်ရှိခဲ့သည့် ငွေကြေးနှင့်လက်ဝတ်ရတနာများ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေပေးခဲ့ပြီး မိသားစုဝင်များထံ ပြန်လည်အပ်နှံ

နေပြည်တော် ဒီဇင်ဘာ ၂၉

ဒီဇင်ဘာ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဒေါင့်ကြီးကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်သူများ၏ ရက်ရက်စက်စက် လူမဆန်စွာသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သူ ဒေါ်ဂျမ်းတောနှင့် ဒေါ်ခင်ဆွေမြင့်တို့၏ ငွေကြေးနှင့် လက်ဝတ်ရတနာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေပေးခဲ့ပြီး မိသားစုဝင်များထံ ပြန်လည်အပ်နှံသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးချုပ်မျိုးမင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲချုပ် (၁) ရဲဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

မိသားစုဝင်များထံ ပြန်လည်အပ်နှံ

ထို့နောက် ပြန်လည်ရှာဖွေရရှိခဲ့သည့် သေဆုံးသူများ၏ ငွေကြေးနှင့် လက်ဝတ်ရတနာများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးချုပ် မျိုးမင်းနှင့် ရဲဗိုလ်ချုပ် အောင်အောင်တို့က သေဆုံးသူများ၏ သားနှင့် တူဖြစ်သူ ဦးကိုကိုမောင်နှင့် မိသားစုဝင်များထံ ပြန်လည်အပ်နှံခဲ့ရာ ဦးကိုကိုမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယခုကျင်းပပြုလုပ်သည့် အခမ်းအနားတွင် ရွှေထည်ပစ္စည်း အမျိုးအစား ၂၀၊ ငွေသားကျပ် ၂၁၁,၈၀၀၊ အငြိမ်းစားလစာ စာအုပ် (မူရင်း) တစ်အုပ်၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း) တစ်ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း) တစ်ရွက်တို့ကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သူများက စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဒေါင့်ကြီးကျေးရွာနေ ဒေါ်ဂျမ်းတောနှင့် ဒေါ်ခင်ဆွေမြင့် တို့ကို ဒီဇင်ဘာ ၁၅ ရက်တွင် လုပ်ကြံသတ်ဖြတ်ခဲ့၍ နေအိမ်အား မီးရှို့ဖျက်ဆီးသွားခဲ့သည်။ ထိုသို့သတ်ဖြတ်မီးရှို့ခံရချိန်တွင် သေဆုံးသူ မိသားစုများကပိုင်ဆိုင်ပြီး လုံခြုံစွာသိမ်းဆည်းထားသည့် ငွေကြေးနှင့် လက်ဝတ်ရတနာများ နေအိမ်ပတ်ဝန်းကျင်၌ ကျန်ရှိနေသေးသဖြင့် ပြန်လည်ရှာဖွေပေးရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ကျန်ရှိမိသားစုဝင်များက သက်ဆိုင်ရာဝန်ကြီး ဌာနမှတစ်ဆင့် အကူအညီတောင်းခံခဲ့မှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေအိမ်သို့ အားချင်းသွားရောက်ရှာဖွေပေးခဲ့ရာ လက်ဝတ်ရတနာများနှင့် ငွေသားလက်ကျန်များကို ပြန်လည်တွေ့ရှိခဲ့ရသဖြင့် ယနေ့တွင် ၎င်းတို့၏ မိသားစုဝင်များထံ ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးချုပ် မျိုးမင်းနှင့် ရဲဗိုလ်ချုပ် အောင်အောင်တို့က သေဆုံးသူများ၏ သားနှင့် တူဖြစ်သူ ဦးကိုကိုမောင်နှင့် မိသားစုဝင်များထံ သေဆုံးသူများ၏ ငွေကြေးနှင့် လက်ဝတ်ရတနာများကို ပြန်လည်အပ်နှံစဉ်။

ထိခိုက်နစ်နာမှုရှိက တိုင်ကြားနိုင်

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း အကြမ်းဖက်သမားများ၊ အကြမ်းဖက် လက်နက်/ခဲယမ်း၊ ဖောက်ခွဲရေး ပစ္စည်းများနှင့်ပတ်သက်၍ လုံခြုံရေးအရ နေ့၊ ည အချိန်အခါမရွေး လိုအပ်ချက်အရ နေအိမ်များအတွင်း ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်ရလေ့ရှိသော်လည်း အကြမ်းဖက်အုပ်စုနှင့် ဆက်စပ် လက်နက်/ ခဲယမ်း၊ မိုင်းများကိုသာ ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပြီး မသက်ဆိုင်သည့် ပြည်သူလူထု၏ ပိုင်ဆိုင်မှုများအား လုံးဝထိပါး ပျက်စီးစေခြင်းမပြုရန်နှင့် လိုအပ်သည့်အကူအညီများအား စိတ်ရင်းစေတနာဖြင့် ကူညီစောင့်ရှောက်ရန် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် အယောင်ဆောင်လုံခြုံရေးတပ်ဖွဲ့အချို့၏ မသမာမှုများလည်း ဖြစ်ပေါ်လေ့ရှိသဖြင့် ရှာဖွေစစ်ဆေးစဉ် ထိခိုက်နစ်နာမှုများရှိပါက ကာယကံရှင်များက သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားရမည့် ဖုန်းနံပါတ်များကို တိုင်ကြားနိုင်ကြောင်း၊ အကူအညီရယူလိုပါကလည်း အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ကရင်ပြည်နယ် လေးကေ့ကော်မြို့သစ်တစ်ဝိုက် ထိတွေ့တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်ဝင်ရောက် လိုအပ်သည်များ ကူညီဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၉

ကရင်ပြည်နယ် လေးကေ့ကော်မြို့သစ်တစ်ဝိုက် ရောက်ရှိနေသည့် NUG နှင့် PDF အမည်ခံအကြမ်းဖက် သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှစတင်၍ KNU/KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားပြီး NCA ကို ပျက်စီးစေလိုသည့် ခေါင်းဆောင်အချို့ ပါဝင်သောအဖွဲ့၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အဆိုပါဒေသမှ အပြစ်မဲ့ပြည်သူများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါ ဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့် အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာ စကားများဖြင့် ပြန်လည်ဖိတ်ခေါ်ခြင်း၊ ထိုင်း – မြန်မာ နယ်ခြားကော်မတီများမှ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ခြင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအနက်မှ ယနေ့တွင် အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ မယ်ထော်သလေးနှင့် မေတ္တာ လင်းမြိုင်ကျေးရွာတို့တွင် နေထိုင်သူ အမျိုးသား ၈၀၇ ဦး၊ အမျိုးသမီး ၉၀၁ ဦး စုစုပေါင်း ၁၇၀၈ ဦးတို့သည် ၎င်းတို့နေရပ်သို့ ပြန်လည်ဝင်ရောက်လာကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ လက်ခံခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဆွောင်းပီးကျေးရွာနေ တပ်မတော်သား မိသားစုဝင်များကို CDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၂၉

CDFအမည်ခံအကြမ်းဖက်သမားများက ချင်းပြည်နယ် တီးတိန်မြို့နယ် ဆွောင်းပီးကျေးရွာနေ တပ်မတော်သား မိသားစုဝင်များကို ဒီဇင်ဘာ ၂၈ ရက်ညနေပိုင်းတွင် အကြောင်းမဲ့ လာရောက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ချင်းပြည်နယ် တီးတိန်မြို့နယ် ဆွောင်းပီး ကျေးရွာသို့ CDF အမည်ခံ အကြမ်းဖက် သမားများသည် ညနေ ၅ နာရီခန့်တွင် ဆိုင်ကယ် ငါးစီးဖြင့် ရောက်ရှိလာပြီး အဆိုပါကျေးရွာနေ တပ်မတော်သား မိသားစုဝင်များဖြစ်သည့် ၂ နှစ်နှင့် ၁ လသား အရွယ် ကလေးငယ် တစ်ဦး အပါအဝင် မိသားစုဝင် လေးဦးကို အကြောင်းမဲ့ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် မိသားစုဝင်များကို အမြန်ဆုံး ပြန်လည်လွတ်မြောက်နိုင်ရေး အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်စစ်ဆေးမှုများနှင့် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သမီးဖြစ်သူကို တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းရန် အခကြေးငွေရယူခဲ့သည့် မိခင်ဖြစ်သူနှင့် အတင်းအဓမ္မပေါင်းသင်းနေထိုင်ခဲ့သည့် တရုတ်နိုင်ငံသားတို့အား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၉

သမီးဖြစ်သူကို တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းရန် အခကြေးငွေရယူခဲ့သည့် မိခင်ဖြစ်သူနှင့် အတင်းအဓမ္မပေါင်းသင်းနေထိုင်ခဲ့သည့် တရုတ်နိုင်ငံသားတို့အား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဆင်ခြံကျေးရွာနေ ဒေါ်ပြုံး က သမီးဖြစ်သူ မ xxx ၁၄ နှစ်ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်နေ လောပန်း (ခ) အားတော့နှင့် သားမယားအဖြစ် ပေါင်းသင်းရန် အခကြေးငွေများရယူခဲ့ပြီး တရုတ်နိုင်ငံသား လောပန်း (ခ) အားတော့က သားမယားအဖြစ် အတင်းအဓမ္မပေါင်းသင်း နေထိုင်ခဲ့သဖြင့် မြစ်သားမြို့မ ရဲစခန်း(ပ) ၂၆၈/ ၂၀၂၀၊ လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် ကျောက်ဆည်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက်တွင် တရားခံ ဒေါ်ပြုံးနှင့် လောပန်း (ခ) အားတော့တို့ကို လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

"တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု(၃)ဒုတိယပွဲစဉ် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၂၉

စိန်ရတု ပြည်ထောင်စုနေ့ဂုဏ်ပြု "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု (၃) ဒုတိယပွဲစဉ်ကို ဒီဇင်ဘာ ၃၁ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များ ဖြစ်ကြသည့် တနသ်ာရီတိုင်း ဒေသကြီးမှ ချိမီမီဇော်၊ မွန်ပြည်နယ်မှ မောင်သက်၊ ရခိုင်ပြည်နယ်မှ ဖြူလှ၊ ပဲခူးတိုင်းဒေသကြီးမှ မင်းသားလေး၊ ရှမ်းပြည်နယ်မှ မေဖြူခင်၊ ကချင်ပြည်နယ်မှ အရိန်၊ ချင်းပြည်နယ်မှ နန်းဆွေနှင့် ကယားပြည်နယ်မှ နန္ဒာလင်း တို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ် တေးဂီတမှ တီးခတ်ပေးမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

"တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲတွင် နေပြည်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမသုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့က အဖွဲ့ ငါးဖွဲ့ခွဲ၍ အုပ်စုပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နောက်ဆုံးပွဲစဉ်နှစ်ပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာ စင်တာတွင် လည်းကောင်း နိုဝင်ဘာ ၂၆ ရက်မှ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ ညတိုင်း သီဆိုယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ယနေ့စျေးကွက်ပေါက်စျေးများ

၂၉ - ၁၂ - ၂၀၂၁

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းစျေး	တစ်ကျပ်သား	ကျပ် ၁၈၂၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	ရောင်းစျေး	တစ်ကျပ်သား	ကျပ် ၁၇၁၇၆၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းစျေး	တစ်ကျပ်သား	ကျပ် ၁၈၂၅၀၀၀
မန္တလေး	၁၅ ပဲရည်	ရောင်းစျေး	တစ်ကျပ်သား	ကျပ် ၁၇၁၇၆၀၀

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီစျေး(ရန်ကုန်)	လက်လီစျေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၃၀၆/၁၃၄၅ ကျပ်	၁၃၄၀/၁၃၇၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၃၁၅/၁၃၆၅ ကျပ်	၁၃၆၀/၁၃၉၅ ကျပ်
အောက်တိန်း ၉၂	၁၃၄၀/၁၃၆၀ ကျပ်	၁၃၉၀/၁၄၁၅ ကျပ်
အောက်တိန်း ၉၅	၁၃၉၀/၁၄၂၅ ကျပ်	၁၄၉၅/၁၅၂၀ ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၇၇၈ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၀၀၆ . ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၃၁၂ . ၇
ထိုင်း	တစ်ဘတ်	ကျပ်	၅၃ . ၀၄၃
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၄၆ . ၄
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၂၅ . ၀၀
တရုတ်	တစ်ယွမ်	ကျပ်	၂၇၉ . ၁၅
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၃ . ၇၇၃

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၃၀၀	၈၃၀၀	၉၁	၇၅၅၃၀၀
MTSH	၃၁၀၀	၃၁၀၀	၂၆၆	၈၂၄၆၀၀
MCB	၀	၀	၀	၀
FPB	၀	၀	၀	၀
TMH	၀	၀	၀	၀
EFR	၀	၀	၀	၀
AHP	၀	၀	၀	၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۱۷-၃۶۱۰۷၂၂၊ စာတည်းအဖွဲ့ ၀۱۷-۲۶۱۰۷۹၊ ဖက်စ် ၀۱۷-۲۶۱۰۷۲၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းဖြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅۶۷۲۰၉၊ မန်နေဂျာ ၀၁-۷۶۷۲۰۷၊ စီမံ ၀၁-۷۶۷۲۰۶၊ ငွေစာရင်း ၀၁-۷۶۷۲۰۶၊ ကြော်ငြာ ၀၁-۷۶۷۲۰۷، ၀၁- ۷۷۹۲۰۸، Fax ၀၁-۷۶۷۲۰۲، ၀۱۷-۲۶۱۰۷၊ ဖြန့်ချိရေး ၀၁-۷۶۷۲۰۷، Fax ၀၁-۸۶۱۰۷۶۷။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁၂-၂၀၂၁ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ဂုတနသုတ်၊ဟောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀۷:၀၀ နံနက်ခင်းသတင်း
၀۸:၃၅ အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံဖီးပွားရေးပွံ့ပြိုးမှုဆီသို့
၀۹:၁၅ NRC အစီအစဉ် (၇မာ)
၁၀:၃၀ တောင်တန်းတွေနဲ့ဝေဝေဆာစိမ်းစိုသာတဲ့ ပဲလ်ရှာ
၁၁:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'အိပ်ပက်ဆိုးမှုနိုးလတ်ငေါ'
၁၃:၃၀ MRTV National News
၁၄:၀၀ ဝေဟင်ထက်ကတရုတ်ပြည်
၁۹:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဓာတုဗေဒဘာသာရပ်'
၁۹:۴၀ Soccer View
၁၆:၃۹ လွတ်လပ်ရေးနေ့ဂုဏ်ပြုအာစီအာစဉ်
၁۹:၃۹ မျက်မှောက်ရေးရာအကြောင်းကြား
၁۹:۴۹ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:۴۹ သံစဉ်ဝေပြာစတီရီယိုတေးကဏ္ဍာ
၁۹:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဘဝ်းဘ်းအချစ်ချိုးချို' (အပိုင်း-၁၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
၂၁:၀၀ လွတ်လပ်ရေးနေ့ဂုဏ်ပြုအာစီအာစဉ်
၂၁:၂۹ နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၁၂)
၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ထာဝရမိတ်ဆွေမြစ်ပါဝေ'

ဘယ်ကြားနေ့ သူတို့အတွက် ဝေးဝါးတရေးမြေ့ ဒိုးကန်ဒိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

mitv

07:01 News
07:27 The Hills Of Phowintaung And Shwebataung
07:45 Inlay Traditional Lotus Fabric
08:01 Discovering Tribes: Wa - Their Life and Customs
08:35 Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
09:02 The Efficacy of Myanmar Traditional Medicine
09:26 Chinlone and the dreams of the player
09:40 Products of Myanmar - Myanmar Circular Stone Slab
09:52 Ngapali Beach: Fishing Villages
10:01 The Art of Sand Painting
10:11 Yay Pyan Taung Waterfall
10:33 Myanmar Masterclass: Artist Pann Kyi
10:45 Toddy Palm Product Shop

MRTV NRC

ဝ၆:၀၀-၀۷:၀၀ (ဝ၆:၀၀ မှ ဝ۷:၀၀)
ကရင်သမိုင်းအကြောင်း
အနောက်ပိုးကရင် (ဝ۷:၀၀ မှ ဝ۸:၀၀)
ကချင်ရိုးရာအစားအစာငါးပေါင်း
အရှေ့ပိုးကရင် (ဝ۸:၀၀ မှ ဝ۹:၀၀)
စာပေစကားပြောကြရအောင်(အပိုင်း-၄)
ချင်း (လိုင်စီး) (ဝ۹:၀၀ မှ ၁၀:၀၀)
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၀)
မွန် (၁၁:၀၀ မှ ၁၂:၀၀)
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်
ရခိုင် (၁၂:၀၀ မှ ၁۹:၀၀)
ဂရေသုပ်
ရှမ်း (၁۹:၀၀ မှ ၂၀:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)
၀ (၂၀:၀၀ မှ ၂۹:၀၀)
စပျစ်သီးစိုက်ပျိုးနည်း
ကချင် (၂۹:၀၀ မှ ၂၁:၀၀)
ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
ကယား (၂၁:၀၀ မှ ၂၂:၀၀)
တောင်ပေါ်ဒေသတို့လက်ရာ

MRTV PARLIAMENT

ဝ۹:၀၀ အဖွင့်၊အလံ
ဝ۹:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှသာ'
၁၀:၀၀ ပြည်ထောင်စုလွှတ်တော် ကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
၁၀:၅၀ နိုင်ငံတကာငွေးကောက်ပွဲများအကြောင်း
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

MRTV SPORTS

ဝ၆:၀၀ အဖွင့်
ဝ၆:၃၀ အကြေခံအားကစားနည်းစနစ်များ
ဝ۷:၀၀ Sports News
ဝ۷:၃၀ Soccer View/ Weekly Sports Info
ဝ۷:۴۹ အားကစားလောကထဲက သူတို့အကြောင်း
ဝ۸:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊
Education Channel ကို ၀၆နေ့တနင်္ဂနွေမှစပြီး
နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

ပိုမိုကောင်းမွန်သော အနာဂတ်များဖြင့် နှစ်သစ်ကိုကြိုဆို

သိန်းထွန်း (IR)

နှစ်ဟောင်းကုန်၍ နှစ်သစ်တစ်ခုသို့ ပြောင်းလဲလေပြီ။

ခရစ်နှစ်အားဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ သို့ ကူးပြောင်းခြင်းပေတည်း။ မြန်မာသက္ကရာဇ်အားဖြင့် ၁၃၈၃ ခုနှစ် နတ်တော်လ။ ရာသီဥတုအားဖြင့် ဟေမန္တ ဆောင်းရာသီဖြစ်သည်။ နံနက်ခင်းတွင် မြူနှင်းမှုန်များကြား အေးစိမ့်စိမ့်ဖြင့် ကိုယ်စိတ်နှလုံး အေးချမ်းလှပါ၏။ အေးမြမြနံနက်ခင်းတွင် ကြည်လင်သောစိတ်တို့သည် ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းလာပြန်၏။ သဘာဝလောကဓာတ်ကြီးပင် ဆောင်းဥတုနှင့်အတူ အေးချမ်းမှု၊ ငြိမ်းချမ်းမှုတို့ကို ဖော်ကျူးနေပေသည်။ မိမိတို့လူသားများအနေဖြင့်ရော နှစ်သစ်ဆောင်းဥတုနှင့်အတူ အေးချမ်းမှု၊ ငြိမ်းချမ်းမှု ရှိစေချင်လှသည်။

နှစ်တစ်နှစ်၏ နှစ်ဟောင်းနှစ်သစ် ကူးပြောင်းမှု

အေးချမ်းလှသည့် ရာသီတွင် နှစ်တစ်နှစ်၏ နှစ်ဟောင်းနှစ်သစ် ကူးပြောင်းမှုမှာ အေးချမ်းသော၊ သာယာသော အတိတ်နိမိတ်အဖြစ် မှတ်ယူမိသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ စိတ်သစ်၊ လူသစ်၊ အတွေးသစ်များဖြင့် မျှော်ကြည့်နေမိသည်။ တိုတောင်းလှသည့် လူ့ဘဝ၏ နှစ်တစ်ခုမှ တစ်ခုသို့ အကူးအပြောင်းကို တန်ဖိုးဖြတ်၍မရစကောင်း။ နှစ်တစ်နှစ် ကူးပြောင်းခြင်းဆိုသည်မှာ အချိန်ကာလတစ်ခု ပြောင်းလဲခြင်းထက် အဓိပ္ပာယ်ပိုပါသည်။ နှစ်တစ်နှစ် ပြောင်းလဲခြင်းသည် အသက်တစ်နှစ်ကြီးသွားခြင်း၊ သေဆုံးရန် တစ်နှစ် ပိုမိုနီးကပ်သွားခြင်း အဖြစ် ယူဆနိုင်သကဲ့သို့ အခြားတစ်ဖက်တွင် အတွေ့အကြုံ၊ အတွေးအခေါ် ရင့်ကျက်လာခြင်း၊ ဘဝသင်ခန်းစာများကို အကောင်းအဆိုးခွဲခြားရယူနိုင်ခြင်းကဲ့သို့သော ဘဝတိုးတက်ရေးဟုလည်း ယူဆမည်ဆိုပါက ယူဆနိုင်ပေလိမ့်မည်။ သို့သော် ထိုယူဆချက်များသည် အားလုံးအတွက် အကျိုးဝင်သည်ဟုတော့ မဆိုသာ။

ငယ်ရွယ်စဉ်ကလေးဘဝ၊ လူငယ်ဘဝများက နှစ်တစ်နှစ် ကူးပြောင်းခြင်းကို သာမန်အချိန်တစ်ခုပြောင်းလဲခြင်းဆိုသည်ထက် ပိုသတိမထားမိခဲ့ပါ။ မြန်မာနှစ်သစ်ကူးဆိုလျှင် ပျော်ရွှင်ရသည်။ လူငယ်သဘာဝ ပျော်ရွှင်ချင်လို၍ နှစ်သစ်ကိုမျှော်ရသည်။ ခရစ်နှစ်ကူးပြန်တော့လည်း အများနည်းတူ ပျော်ရ၍ မျှော်ရပြန်သည်။ သို့သော် အသက်အရွယ်နှင့် ဘဝအတွေ့အကြုံများ များလာသည့်အချိန်တွင် နှစ်တစ်နှစ် ကူးပြောင်းလိုက်တိုင်း ... အသက်တစ်နှစ်ကြီးပြန်ပါပကောဟု အမှတ်ထင်ထင် သတိပြုမိသည်။

နှစ်ဟောင်းအတွင်းမှာ ကောင်းတာ ဘာတွေလုပ်ခဲ့လဲ၊ မကောင်းတာ ဘာတွေ လုပ်ခဲ့သလဲ၊ ဘဝအတွက်၊ သံသရာအတွက် အကျိုးရှိခဲ့သလား၊ အကျိုးယုတ်ခဲ့သလား ဆင်ခြင်မိလာသည်။ ဘဝအသိများကို သတိပေးနေသည်လည်းဟု စိတ်တွင် သတိထားမိလာသည်။ နှစ်ဟောင်းကုန်လျှင် ယင်းနှစ်ဟောင်းအတွင်းက မိမိ၏ ကိုယ်စိတ်နှလုံး သုံးပါးလုံး၏ တွေးခဲ့သမျှ၊ ပြောခဲ့သမျှ၊ ပြုလုပ်ခဲ့သမျှကို ငဲ့စောင်းကြည့်မိတတ်လာသည်။ ဆင်ခြင်ကြည့်ခြင်းလား၊ နောင်တဖြင့်ကြည့်ခြင်းလား၊ သံဝေဂနှင့် ကြည့်ခြင်းလား တစ်ခါတစ်ရံ ကွဲကွဲပြားပြား မရှိတတ်။

တူသောအကျိုးကိုပေး၏

ထိုသို့ကြည့်မိပြန်တော့ တစ်နှစ်တာအတွင်း ဖြတ်သန်းခဲ့မှုများသည် ရုပ်ရှင်ကား တစ်ကားပမာ။ ရယ်လိုက်ရ၊ ငိုလိုက်ရ၊ လွမ်းလိုက်ရ၊ ချစ်လိုက်ရ၊ မုန်းလိုက်ရ၊ ချိုလိုက်ရ၊ ခါးလိုက်ရသည့် သခ်ါရလောက၏ ဘဝအစိတ်အပိုင်း ကားဆက်များလို ဆက်စပ်မြင်ရသည်။ တစ်နှစ်တာ အနှစ်ချုပ်လိုက်လျှင်တော့ ပျော်စရာဇာတ်သိမ်းလား၊ လွမ်းစရာဇာတ်သိမ်းလား၊ ချစ်ခြင်းတွေနဲ့ ဇာတ်သိမ်းလား၊ အမုန်းတရားတွေနဲ့ ဇာတ်သိမ်းလား မဆိုတတ်။ တစ်ဦးချင်းဘဝအလိုက် ရှိကြပေမပေါ့...။ မိမိကိုယ်တိုင်က ဘယ်လိုဇာတ်သိမ်းမျိုးကို ကြိုက်သလဲ၊ ကိုယ့်ဘဝကိုယ့်ဇာတ်မှာ ကိုယ်တိုင်ဒါရိုက်တာအဖြစ်နဲ့ မင်းသား၊ လူကြမ်း၊ မင်းသမီး၊ ဇာတ်ပို့၊ သူတော်ကောင်း၊ သူယုတ်မာ ကြိုက်ရာ ဇာတ်ရုပ်မှာ သရုပ်ဆောင်ကြပေါ့။ ကိုယ်သရုပ်ဆောင်သည့်အတိုင်း ဇာတ်သိမ်းရမည်ကတော့ သေချာသည်။ ၂၀၂၁ ခုနှစ် ဇာတ်ကားကြီးအတွက် တစ်နှစ်တာသရုပ်ဆောင်ချက်နဲ့ မည်သို့ ဇာတ်သိမ်းကြမည်ဆိုသည်က ကိုယ်တိုင် အသိဆုံးဖြစ်ပေလိမ့်မည်။ ဗုဒ္ဓတရားတော်အရ သဒိသံ ပါကံ ဇနေတိ မိမိပြုသောကံသည် တူသောအကျိုးကိုပေး၏ ဆိုသည်ကို ဆင်ခြင်ကြရပါမည်။

သို့ဆိုလျှင် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးချိန်တွင် နှစ်ဟောင်းကို ဘယ်လိုအသုံးချကြမလဲဆိုသည်ကို စိတ်ဝင်စားမိပါ၏။ တစ်နှစ်တာ နှစ်ဟောင်းအတွင်းမှ ဆက်လက်ယူဆောင်ရမည့် သင်ခန်းစာများ၊ စွန့်လွှတ်ရမည့်အရာများ၊ ပြောင်းလဲရမည့်အရာများ ဆိုသည်က လူတိုင်းနီးပါးတွင် ရှိကြနေကြသည်ကိုး။ ယင်းတို့သည် လာမည့် နှစ်သစ်အတွက် တွန်းအားများ၊ ခွန်အားများအဖြစ် ပြောင်းလဲကြမည်လား၊ နောက်ပြန်ဆွဲအားများအဖြစ် ထားရှိကြမည်လား ... ဆိုသည်က တစ်ဦးနှင့်တစ်ဦး ကွဲပြားကြပါလိမ့်မည်။ မည်သို့ကွဲပြားသည်ဖြစ်စေ ဘဝတစ်ခုတိုးတက်ရန် နှစ်ဟောင်းမှ တွန်းအား သို့မဟုတ် ဆွဲအားများကို ဆင်ခြင်သိဖြင့် ပြုပြင်မှသာ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းခြင်းဆိုသည်က အဓိပ္ပာယ်ပြည့်ဝသော ပြောင်းလဲခြင်း ဖြစ်လာပါလိမ့်မည်။

ပြောင်းလဲခြင်းဆိုရာမှာ တစ်စုံတစ်ခုကို မတူညီအောင်ပြုလုပ်ခြင်း၊ နေရာ၊ လမ်းကြောင်းနှင့် ဦးတည်ချက် ပြောင်းလဲခြင်း၊ အစားထိုးခြင်း ဆိုသည့် အဓိပ္ပာယ်များ ပါဝင်ပါသည်။ အဟောင်းများထဲတွင်သာ တဝဲလည်လည်ဖြစ်နေခြင်းကို ပြောင်းလဲခြင်းဟု မဆိုနိုင်။ သို့သော် ကောင်းသောပြောင်းလဲခြင်း၊ တိုးတက်သော ပြောင်းလဲခြင်းဖြစ်ရန် တော့ လိုအပ်မည်ဖြစ်သည်။

> **❑ နှစ်ဟောင်းအတွင်းမှာ ကောင်းတာ ဘာတွေလုပ်ခဲ့လဲ၊ မကောင်းတာ ဘာတွေ လုပ်ခဲ့သလဲ၊ ဘဝအတွက်၊ သံသရာအတွက် အကျိုးရှိခဲ့သလား၊ အကျိုးယုတ်ခဲ့သလား ဆင်ခြင်မိလာသည်။ ဘဝအသိများကို သတိပေးနေသည်လည်းဟု စိတ်တွင် သတိထားမိလာသည်။ နှစ်ဟောင်းကုန်လျှင် ယင်းနှစ်ဟောင်းအတွင်းက မိမိ၏ ကိုယ်စိတ်နှလုံး သုံးပါးလုံး၏ တွေးခဲ့သမျှ၊ ပြောခဲ့သမျှ၊ ပြုလုပ်ခဲ့သမျှကို ငဲ့စောင်းကြည့်မိတတ်လာသည်။ ဆင်ခြင်ကြည့်ခြင်းလား၊ နောင်တဖြင့်ကြည့်ခြင်းလား၊ သံဝေဂနှင့် ကြည့်ခြင်းလား တစ်ခါတစ်ရံ ကွဲကွဲပြားပြား မရှိတတ်**

တိုးတက်သော ပြောင်းလဲခြင်း

လောကတွင် မပြောင်းလဲသောတရားသည် ပြောင်းလဲခြင်းဟု ဆိုပါ၏။ မှန်ပါသည်။ မည်သည့်အရာမဆို၊ မည်သူမဆို ပြောင်းလဲနေသည့် သဘာဝတရားနှင့်အတူ လိုက်ပါပြောင်းလဲနေကြရပါသည်။ မပြောင်းမလဲ တစ်သမတ်တည်း ရပ်နေ၍မရ။ အချိန်များ ပြောင်းလဲနေပါသည်။ အခြေအနေများ ပြောင်းလဲနေပါသည်။ မိမိတို့ အသက်၊ ရုပ်ခန္ဓာနှင့် စိတ်တို့သည်ပင် တရစပ်ပြောင်းလဲနေသည်မဟုတ်လား။ လက်တစ်ဖျစ်အတွင်း စိတ်ပေါင်းများစွာ ပြောင်းလဲနေပါသည်။ ရုပ်ကလာပ်စည်းများသည်လည်း ထိုနည်းနှင်နှင်ပင်။ သို့သော်လည်း ပြောင်းတော့ ပြောင်းလဲပါ၏။ မည်သို့ ပြောင်းလဲကြသနည်းဆိုကလည်း မေးခွန်းထုတ်ချင်စရာဖြစ်သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ဆက်လက်ယူဆောင်ရမည့် ကောင်းမှုများ၊ နှစ်ဟောင်းတွင် ထားခဲ့ရမည့် မကောင်းမှုများ၊ နှစ်သစ်အတွက် ပြောင်းလဲပြင်ဆင်ရမည့်အရာများ စသည်ဖြင့် သတိဖြင့်ဆင်ခြင်မှသာ တိုးတက်သော ပြောင်းလဲခြင်း မည်ပါလိမ့်မည်။

သို့သော်လည်း ကောင်းမှု မကောင်းမှု၊ အမှန်အမှား၊ အဖြူအမည်း ခွဲနိုင်ကွဲနေတတ်သည့် သဘာဝတွင် တစ်ခါတစ်ရံ တစ်ဖက်တည်းကြည့်၍ အမှားအမှန် ဆုံးဖြတ်ရန် ခက်ခဲလှပါသည်။ မည်သို့ဆိုစေ ကိုယ်ကိုယ်တိုင်အတွက်ဖြစ်စေ၊ အများအတွက်ဖြစ်စေ အတ္တ၊ ပရ မျှတသော တစ်နည်းအားဖြင့် အများအကျိုး၊ ကိုယ့်အကျိုး ညီညွတ်မျှတစွာဖြင့် ပြောင်းလဲကြရမည် ဖြစ်ပေသည်။

နှစ်သစ်ကူးပြောင်းရာတွင် မည်သူ့ကိုမဆို အတိတ်မှ ဆိုးရွားသော ဒဏ်ရာဒဏ်ချက်များဖြင့် နှစ်သစ်သို့ မကူးပြောင်းစေချင်ပါ။ လူတိုင်းကောင်းမွန်သော အနာဂတ်များကို ပိုင်ဆိုင်စေချင်ပါသည်။ သို့ဖြစ်သည့်အတွက် နှစ်ဟောင်းမှ သင်ခန်းစာတို့ကို မိမိတို့ကိုယ်တိုင် လေ့လာသင်ယူကြရပါမည်။ သင်ယူသည်ဆိုရာတွင်လည်း တိုးတက်မှုအတွက် အသစ်အသစ်များကို လေ့လာသင်ယူရသကဲ့သို့ အမှားများ ထပ်ခါထပ်ခါ မမှားမိစေရန် အတိတ်သမိုင်းကိုလည်း လေ့လာသင်ယူကြရပါသည်။ အတိတ်သမိုင်းတို့တွင် မှန်ကန်သော လုပ်ရပ်ရှိသည့်နည်းတူ၊ သင်ခန်းစာယူပြုပြင်ရမည့် လုပ်ရပ်များလည်း ရှိနေတတ်ကြပါသည်။ ထိုသို့ သင်ခန်းစာယူပြုပြင်ပြောင်းလဲကြမှလည်း ပိုမိုတိုးတက်သော နှစ်သစ်ဆီဦးတည်နိုင်မည် မဟုတ်ပါလား။ လူတိုင်းကတော့ ပိုမိုကောင်းမွန်သည့် အနာဂတ်များကို ပိုင်ဆိုင်လိုကြ၊ ဖြတ်သန်းလိုကြပါသည်။ သို့ဆိုလျှင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလ သုံးပါးကို မှန်မှန်ကန်ကန် ရှုမြင်ဆင်ခြင် ရပ်တည်နိုင်ဖို့ ပြင်ဆင်ကြရပါမည်။

အစွန်းနှစ်ဖက်ကို ရှောင်ကြဉ်ကြရပါမည်

ထိုသို့မဟုတ်ဘဲ အတိတ်၏ အမှားများကို မပြင်ဆင်၊ မပြောင်းလဲနိုင်ဘဲ အနာဂတ်ကိုသာ မျှော်မှန်းလုပ်ကိုင်နေမည်ဆိုပါက ပစ္စုပ္ပန်လုပ်ဆောင်မှုများသည် အိတ်ပေါက်နှင့် ဖားကောက်နေသကဲ့သို့ လုပ်သလောက် အကျိုးမရောက် ဖြစ်နိုင်ပါသည်။ ဖြစ်နေတာ၊ ဖြစ်ချင်တာနှင့် ဖြစ်သင့်တာအကြား ကွာဟချက် ကြီးမားနေသမျှ လုပ်သလောက် အရာရောက်ရန် ခက်ခဲနေပါလိမ့်မည်။ မြတ်စွာဘုရား ဟောကြားသကဲ့သို့ အစွန်းနှစ်ဖက်ကို ရှောင်ကြဉ်ကြရပါမည်။ ဖြစ်နေတာက တခြား၊ ဖြစ်ချင်တာက တခြား သို့မဟုတ် ဖြစ်ချင်တာက တခြား၊ ဖြစ်သင့်တာက တခြားကဲ့သို့ စိတ်ခံစားမှုဖြင့် အစွန်းနှစ်ပါးတွင် ရပ်တည်နေခြင်းမှာ သမ္မာသမာဓိ မှန်ကန်စွာ စိတ်ကိုထားခြင်းဟု မဆိုလိုနိုင်ပေ။ မှန်ကန်စွာ စိတ်ကိုထားနိုင်မှသာ အတွေး၊ အကြံ၊ အပြော၊ အပြုအမူတို့လည်း မှန်ကန်လာမည်ဖြစ်ပါသည်။

တွေးခေါ်ပညာရှင်ကြီး ပလေတိုက ဆင်ခြင်မှု (reason) နှင့် စိတ်ခံစားချက် (emotion) သည် ကျွန်တော်တို့ကို ဆန့်ကျင်ဘက်အရပ်ကို ဆွဲခေါ်နေတဲ့ မြင်းနှစ်ကောင်နှင့်တူကြောင်း ဆိုဖူးပါသည်။ ဆင်ခြင်မှုနှင့် စိတ်ခံစားချက်မှာ လူတိုင်းအတွက် လိုအပ်ပါသည်။ စိတ်ခံစားချက်များသည် လူတစ်ဦးအတွက် စွမ်းအားများ၊ တွန်းအားများကို ပေးနေပါသည်။ ယင်းစွမ်းအားများကြောင့် တိုးတက်မှုများ ဖြစ်လာပါသည်။ သို့သော် ယင်းစိတ်စွမ်းအားများကို အထိန်းအကွပ်မဲ့ ထားခြင်းသည် အစွန်းတစ်ဖက်သို့ ရောက်ရှိစေနိုင်ပါ၏။ စိတ်ခံစားချက်များ အစွန်းတစ်ဖက်သို့ မရောက်စေရန်ဆိုပါက ဆင်ခြင်တုံတရားဖြင့် ထိန်းကျောင်းရမည် ဖြစ်ပါသည်။ သို့မှသာ ဟန်ချက်ညီသော ဘဝ၊ ဟန်ချက်ညီသောနေထိုင်မှုနှင့် တိုးတက်မှုတို့ ရရှိလာမည် ဖြစ်ပါသည်။

တကယ်တော့ ငါနှင့်ငါသာ နှိုင်းယှဉ်ရာဟု မှတ်ထင်ကျင်လည်နေကြသည့် လူ့ဘဝသက်တမ်းဆိုသည်မှာ သံသရာနှင့်နှိုင်းယှဉ်လျှင် သမုဒ္ဒရာထက်မှ ရေပွက်ပမာ တိုတောင်းလွန်းလှပါ၏။ ထို့အပြင် မနက်ဖြန်ကိုပင် ကိုယ်မပိုင်သည့်ဘဝတွင် ပစ္စုပ္ပန်တည့်တည့်၌ မှန်ကန်စွာနေထိုင်ခြင်းသည်ပင် အနာဂတ်အတွက် ပြင်ဆင်ခြင်းပင် မဟုတ်ပါလား။ သို့ဖြစ်ရာ နှစ်သစ်တွင် လူတိုင်းကိုယ်စီ ဆင်ခြင်မှုနှင့်ခံစားချက်တို့ အညီအညွတ်ပေါင်းစပ်နိုင်ကြ၍ ပိုမိုကောင်းမွန်သော အနာဂတ်များ ပိုင်ဆိုင်နိုင်ပါစေကြောင်း နှစ်သစ်ဆုမွန် တောင်းလိုက်ရပါသည်။ ။

အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများ ထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူ လျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကို လည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စိုက်ပျိုးရေးကဏ္ဍတွင် စက်ကိရိယာများ သုံးစွဲခြင်းဖြင့် တောင်သူများ ပိုမိုအကျိုးများစေမည်

မုံရွာ ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လယ်ယာသုံးစက်ကိရိယာ အခြေခံမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က မုံရွာမြို့တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိသည့် တောင်သူများ၊ လယ်ယာလုပ်ငန်းတွင် ဆက်စပ်လုပ်ကိုင်နေသည့် ကျေးရွာနေပြည်သူများအတွက် လယ်ယာသုံးစက်ကိရိယာများကို ကိုယ်တိုင်မောင်းနှင်ပြုပြင်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပါကြောင်း၊ သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် အချိန်မီထွန်ယက်နိုင်ရန်၊ စိုက်ပျိုးနိုင်ရန် ၊ ရိတ်သိမ်းနိုင်ရန် သမားရိုးကျ ကျွဲ၊ နွား၊ လူများဖြင့် ဆောင်ရွက်ခြင်းထက် စက်ကိရိယာများကို သုံးစွဲဆောင်ရွက်ခြင်းက တောင်သူများအတွက် ပိုမိုအကျိုးများစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက လယ်ယာသုံးစက်ကိရိယာ အခြေခံမောင်းနှင်ထိန်းသိမ်းမှုသင်တန်းနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကိုကိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ အခြေခံမောင်းနှင် ထိန်းသိမ်းမှုသင်တန်းသို့ မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်၊ အရာတော်မြို့နယ်တို့မှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် တစ်လုံးထိုးအင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်း၊ ထွန်စက်ကြီး အခြေခံမောင်းနှင်ထိန်းသိမ်းနည်း၊ ကောက်စိုက်စက်ပြုပြင်မောင်းနှင် ထိန်းသိမ်းနည်းများကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လယ်ယာသုံးစက်ကိရိယာ အခြေခံမောင်းနှင်ထိန်းသိမ်းမှုသင်တန်းတွင် အသုံးပြုမည့် ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခွေ့လှေ့စက်၊ ကောက်စိုက်စက်နှင့် သမန်းနီးကိရိယာများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။(ဝဲပုံ) **တိုင်းဒေသကြီး(ပြန်/ဆက်)**

ပေါင်မြို့နယ်၌ ကတိုက်ဆည်ရေဖြင့် နွေစပါး ဧက တစ်သောင်းခွဲစိုက်မည်

ပေါင် ဒီဇင်ဘာ ၂၉

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံဆည်မှ အချိန်မီပြည့်ဝစွာ ရေဖြန့်ဝေပေးထားသည့်အတွက် နွေစပါး စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

ယခုလို နွေစပါးစိုက်ဧကများ အတွက် ဆည်ရေရရှိလာသည်နှင့် တစ်ပြိုင်နက် လုပ်ငန်းခွင် စတင်လည်ပတ်နိုင်သောကြောင့် ရာသီဥတုဘေးအန္တရာယ်ကို စိုးရိမ်စရာမလိုဘဲ မြန်မြန်ဆန်ဆန်ဖြင့် နွေစပါးရိတ်သိမ်းနိုင်မည်ကြောင်း ပေါင်မြို့နယ်မှ နွေစပါးစိုက်ပျိုး တောင်သူတစ်ဦးက ပြောသည်။

